ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက်၊ အင်္ဂါနေ့၊ (29-6-2010) (၆၄၄၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအသင်းဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် H.E. Mr. Zhou Tienong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၈

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ နားလည်မှု တည်ဆောက်ရေးအသင်းဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် H.E. Mr. Zhou Tienong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ နားလည်မှု တည်ဆောက်ရေးအသင်း ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် H.E. Mr. Zhou Tienong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ နားလည်မှု တည်ဆောက်ရေးအသင်းဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် H.E. Mr. Zhou Tienong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

လားရှိုးမြို့ ရေဝေရေလဲ သစ်တောထိန်းသိမ်းဖို့ ကိုယ်စီကိုယ်ငကြိုးပမ်းစို့

သစ်တောပြုန်းတီးမှုများကြောင့် မြေဆီလွှာထိန်းသိမ်းမှုအားနည်းလာကာ ရေတွင်း၊ ရေကန်များ၊ ရေလှောင်ဆည်တမံများ ရေသိုလှောင်နိုင်မှု လျော့ပါးလာသောဖြစ်စဉ်များ တွေ့ကြုံလာရကြောင်းသိရသည်။

မြေဆီလွှာ မယိုယွင်းစေသော အဓိကအကြောင်းရင်းမှာ ရေဝေရေလဲသစ်တောများ ထိန်းသိမ်းရေးဖြစ်သည်။သစ်တောများ ပြုန်းတီးမှုမှ ကာကွယ်ရန်ဖြစ်သည်။ ကမ္ဘာမြေတစ်ဝန်း လေထု ပူနွေးလာမှုနှင့်အတူ ရေ မြေ လေ ရာသီဥတု သဘာဝ စသည့် ရုပ်ပိုင်းဆိုင်ရာများ ပျက်စီးယိုယွင်းလာသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့**❖

သတင်းမှတ်စုနှင့်ဓာတ်ပုံ
(ရာမည - သွေးမွှန်)

အဆင်အပြင် - နိုင်လင်းကြည်

သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ သရုပ်ပြစိုက်ပျိုးခြင်းနည်းစနစ်ဖြင့် လက်တွေ့ စိုက်ပျိုးကြစဉ်။

The Mirror
၂၉-၆-၂၀၁၀
(အင်္ဂါနေ့)

ကျန်းမာပျော်ရွှင် နေနိုင်ရေး ရှောင်လေဝေးဝေး မူးယစ်ဆေး

ဘိန်း၊ ဘိန်းဖြူ၊ ဘိန်းဆီ၊ ဆေးခြောက် စသည့် မူးယစ်ဆေးဝါးများနှင့် ဓာတုဗေဒပစ္စည်းများကို အခြေခံထုတ်လုပ်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြားများ ကမ္ဘာ့နှင့်အဝန်း ပျံ့နှံ့သုံးစွဲမှုများ ဖြစ်ပေါ်နေသည်။ မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံကြီးငယ်မရွေး၊ ဆင်းရဲချမ်းသာမရွေး အန္တရာယ်ကြီးမားလှသော ခြိမ်းခြောက်မှုတစ်ခုဖြစ်သည်။

အထူးသဖြင့် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးများ အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ပျံ့နှံ့သုံးစွဲလျက်ရှိရာ အန္တရာယ်ကြီးမားလှသည်။ မူးယစ်ဆေးဝါးသုံးစွဲသူ၊ ထုတ်လုပ်ရောင်းဝယ်သူများအားလုံးနှင့် ဆက်စပ်နေသော လူမှုပတ်ဝန်းကျင်ကို ညှိုးနွမ်းပျက်သုဉ်းစေရန် ခြိမ်းခြောက်ရိုက်ခတ်လျက်ရှိသည်။ ထို့ကြောင့်ပင် **ကောင်းကျိုးမပေးမူးယစ်ဆေး** တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို နိုင်ငံတိုင်း၊ ဒေသတိုင်းက အလေးထား လုပ်ဆောင်နေကြရပြီဖြစ်သည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀ဘဏ္ဍာနှစ်ကစ၍ ချမှတ်ရေးဆွဲ ဖော်ဆောင်လျက်ရှိသည်။ ပထမငါးနှစ်စီမံကိန်းနှင့် ဒုတိယ ငါးနှစ်စီမံကိန်းကာလ အောင်မြင်မှုရလဒ်များကို အခြေခံပြီး တတိယငါးနှစ်စီမံကိန်းကာလ လုပ်ငန်းများအောင်မြင်ရေး ဆက်လက်ကြိုးပမ်းနေသည်။ မူးယစ်ဆေးဝါးသုံးစွဲမှု လျော့နည်းပပျောက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးတို့ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။

ဘိန်းစိုက်ပျိုးလေ့ရှိသော ဒေသများမှ ဘိန်းခင်းများကို ဒေသခံပြည်သူတို့၏ ပူးပေါင်းပါဝင်မှုဖြင့် ဖျက်ဆီးနိုင်လျက်ရှိသည်။ ကမ္ဘာ့မူးယစ်ဆေးဝါးအစီရင်ခံစာတွင် ဖော်ပြထားချက်အရ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုများ သိသိသာသာ လျော့နည်းကျဆင်းသွားကြောင်း သိရသည်။ ထို့အပြင် ခေတ်ပေါ် စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရောင်းချဖြန့်ဖြူးမှုများကိုလည်း အရှိန်အဟုန်မြှင့် တားဆီးနှိမ်နင်းလျက်ရှိသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် အိမ်နီးချင်းနိုင်ငံများနှင့် သတင်းအပြန်အလှန်ဖလှယ်ပြီး ပြည်တွင်း၊ ပြည်ပ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်နေသောအဖွဲ့များကို ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ခဲ့သည်။ ဒေသတွင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်း၍လည်း မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ လက်တွဲဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါးအမျိုးမျိုးနှင့် စိတ်ကြွရူးသွပ်ဆေးပြားများသည် သုံးစွဲသူနှင့် လူသားများ၏ဘဝကို အန္တရာယ်ပြု ခြိမ်းခြောက်နေဆဲဖြစ်သည်။ ကမ္ဘာတစ်ဝန်း၌ မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင် ရောင်းဝယ်မှုများကို တားဆီးနှိမ်နင်းမှုများ ပြုလုပ်နေကြပြီ။ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုဖြင့် အရှိန်အဟုန်မြှင့်ကြိုးပမ်းလျက်ရှိရာ မူးယစ်ဆေးဝါးကင်းစင်သော လူမှုပတ်ဝန်းကျင်တွင် ပြည်သူတိုင်း ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ကြမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်ရာပြည့် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား တက်ရောက်

နေပြည်တော် ဇွန် ၂၈

အင်းလေးကန်ဝန်းကျင် ရေရှည်တည်တံ့ရေးနှင့် ရေဝေရေလဲဒေသထိန်းသိမ်းရေး သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၂၂ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် ကျုံးကျေးရွာ၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးက အမှာစကားပြောကြားပြီး တာဝန်ရှိသူတစ်ဦးက အင်းလေးကန်ဝန်းကျင် ရေရှည်တည်တံ့ရေးနှင့် ပတ်သက်ပြီး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက စိုက်ပျိုးရန် သစ်ပင်များပေးအပ်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက အသီးသီး လက်ခံရယူကြသည်။

ထို့နောက် တိုင်းမှူးက ခါတော်မီပင်အား စိုက်ပျိုးပေးကာ **(ယာပုံ)** အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး အခမ်းအနား တက်ရောက်လာကြသူများက စုပေါင်းသစ်ပင်စိုက်ပျိုးကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အောင်ပန်းမြို့ သာမိုင်းခန်းဆည်သို့ ရောက်ရှိကြပြီး ဆည်အတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းမှူးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ညောင်ရွှေမြို့နယ် တောင်ပို့ကိုးလုံးကျေးရွာ ဒေသခံတစ်ဦး၏ ပုစွန်မွေးမြူရေးလုပ်ငန်းသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ဖြည့်ဆည်း မှာကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ရွှေပြည်အေးငါးလုပ်ငန်းကုမ္ပဏီသို့ရောက်ရှိကြပြီး ငါးမျိုးများမွေးမြူထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းမှူးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးသိန်းထွန်း သင်တန်းများဖွင့်ပွဲ တက်ရောက်မှာကြား

နေပြည်တော် ဇွန် ၂၈

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၏ e-Learning Centre ၌ ဖွင့်လှစ်ပို့ချသည့် PC For Office Applications Course (WINDOWS) နှင့် E-mail and Internet Course သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာနခန်းမ၌ ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းထွန်းတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၏ e-Learning Centre ၌ ၂၀၀၆ခုနှစ် ဧပြီလမှ စတင်၍ သတင်းဆက်သွယ်မှုနည်းပညာနှင့် သက်ဆိုင်သည့် သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ယခုအချိန်ထိ သင်တန်း ၂၅မျိုးကို သင်တန်းအကြိမ်ပေါင်း ၇၆ ကြိမ် ဖွင့်လှစ်၍ သင်တန်းသား ၃၅၃၅ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ယနေ့ဖွင့်လှစ်သော သင်တန်းများသို့ ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသား၊ သင်တန်းသူ ၇၇ဦး တက်ရောက်ကြကာ သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂) တပ်မတော်ဆေးရုံသို့ စုပေါင်းသွေးလှူဒါန်း

နေပြည်တော် ဇွန် ၂၈

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ပဋ္ဌာန်းရောင်တော်ဖွင့်အသင်းမှ အဖွဲ့ဝင်အင်အား ၇၀တို့သည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ဆေးရုံတက် လူနာများအတွက် စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(အောက်ပုံ) (သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇွန် ၂၈

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၂၃)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ “ရန်ကုန်မြို့လယ်တွင် ၃၅ထပ်ရှိ အဆင့်မြင့်အဆောက်အအုံ ဆောက်လုပ်ရန် ဗီယက်နမ်က စိတ်ဝင်စားနေ၊ ဆရာစံပလာဇာကို နိုင်ငံတကာအဆင့်မီ အများပိုင် ရှော့ပင်းမောလ်အဖြစ် ပြောင်းလဲဖွင့်မည်၊ နေရောင်ခြည်စွမ်းအင်သုံးဓာတ်တိုင်များကို ဈေးနှုန်းချိုသာစွာဝယ်ယူနိုင်၊ တက္ကသိုလ်ဝင်တန်းထူးချွန်စွာ အောင်မြင်သူများကို ကျပ်သိန်း ၅၂၀ ဖိုးရှိ ပညာသင်ဆုများပေးမည်၊ အသက် ၂၀ ကျော် အရပ်ပုနေသူများ အရပ်ရှည်ချင်သလား၊ အမြွှာများတွေ့ဆုံပွဲ ဒုတိယအကြိမ်ကျင်းပမည်၊ Air Asia လေကြောင်းလိုင်း လက်မှတ်များကို Credit Card မပါဘဲ ဝယ်နိုင်ပြီ၊ ဒုတိယကမ္ဘာစစ်အတွင်း ရခိုင်ပြည်နယ်၌ နစ်မြုပ်ခဲ့သော သင်္ဘောကို ပြန်လည်ဖော်ယူနိုင်ပြီ၊ တော်ဝင်စင်တာ၌ IT Mall ဖွင့်မည်၊ အရပ် ၂၅ လက်မသာမြင့်သည့် မြန်မာလူပုလေးဖခင်၏ ရင်ဖွင့်စကား၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သည့် အဆင့်မြင့်မော်တော်ယာဉ်သစ်များ လူကြိုက်များနေ၊ ဟိုတယ်ဇုန်အားလုံးရှိ ဟိုတယ်များအတွက် ကားများ လုံလောက်စွာ တင်သွင်းပေးသွားမည်၊ လျှပ်စစ်ဓာတ်အားမလိုသည့် နေရောင်ခြည်စွမ်းအင်သုံး အိမ်များဖြင့်နေကြမလား၊ ယာယီမင်္ဂလာဈေးတွင် ဆိုင်ခန်းပေါင်း ၂၀၀၀ ကျော် စတင်ရောင်းချခွင့်ရပြီ၊ ရန်ကုန်ကားပြပွဲ၌ အိမ်စီးကားများ စံချိန်တင် အရောင်းအဝယ်ဖြစ်၊ မြောက်ကိုရီးယားရုပ်ရှင်ပွဲတော်တွင် မြန်မာပထမဆုံးပါဝင်ပြသမည်၊ အသက် ၉၀ နှစ်ရှိသော်လည်း ကိုယ်တိုင်လုပ်ယာဉ်ဖြင့် ပျံသန်းပြနိုင်ဆဲ၊ အစိုးရအဖွဲ့ကို ဝေဖန်မိ၍ အမေရိကန်ထိပ်တန်း ဗိုလ်ချုပ်ကြီးရာထူးမှ ဖယ်ချခံရ၊ ကမ္ဘာ့ပထမဆုံး ကိုယ်ပိုင်အာကာသစခန်း တည်ဆောက်၊ နှစ် ၁၁၀ကြာ စိုးမိုးထားသော အမေရိကန်ကိုကျော်လွှား၍ တရုတ်က ကုန်ထုတ်လုပ်မှု အမြင့်ဆုံးနိုင်ငံဖြစ်လာ၊ ဘောလုံးပွဲအပြီး ဘောလုံးသမားများ အချင်းချင်း ဂျာစီလဲရခြင်း အကြောင်းရင်း၊ စင်ကာပူတွင် ၅၅ ထပ် အမြင့်၌ ဧရာမရေကူးကန်ပါရှိသည့် အပန်းဖြေရိပ်သာကြီးဖွင့်လှစ်၊ ၁၁ နာရီကြာမြင့်၍ သမိုင်း၌ အကြာဆုံးတင်းနစ်ပွဲအဖြစ် စံချိန်တင်၊ တိုက်တန်းနစ်သင်္ဘောပုံစံတူကို ပြတိုက်အဖြစ်တည်ဆောက်၊ ကမ္ဘာ့ဖလားတွင် အသုံးပြုသည့် ဘောလုံးပုံသဏ္ဌာန် ဧရာမဘောလုံးကြီးအတွင်း၌ တစ်လကြာ နေထိုင်မည်၊ ကမ္ဘာ့ဖလားကျင်းပရာမြို့ ရဲစခန်း၌ အကုန်ပြောင်အောင်ခိုးခံရ၊ ကမ္ဘာ့စံချိန်တင်ရန် ပင်လယ်ဓားပြ ၂၃၀၀ တို့ စုဝေးခဲ့ကြ” စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကြ ကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဦးသိန်းအောင် ရှမ်းပြည်နယ်(တောင်ပိုင်း)၌ လုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဇွန် ၂၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်သည် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်သစ်ထုတ်ရေးဒေသ လှိုင်းတက်သစ်ဆိပ်သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဒေသမန်နေဂျာက သစ်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် ဒုတိယအထွေထွေမန်နေဂျာ ဦးမန်းဝင်းတင်တို့က လုပ်ငန်းဆောင်ရွက်မှုများကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက လိုအပ်သည်များကို မှာကြားကာ သစ်ဆိပ်အတွင်း သစ်လုံးများ စနစ်တကျထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် တောင်ကြီးမြို့ရှိ သစ်ထုတ်ရေးဌာန ရှင်းလင်းဆောင်သို့ရောက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်အေးက သစ်တောစိုက်ခင်းများ စိုက်ပျိုးအောင်မြင်နေမှု၊ သဘာဝတောများ ထိန်းသိမ်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယအထွေထွေမန်နေဂျာက လာမည့်သစ်ထုတ်ရာသီတွင် သစ်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရန် စီမံထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဝန်ကြီးသည် ဇွန် ၂၇ ရက်တွင် ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်ဝန်းကျင် ရေရှည်တည်တံ့စေရေးနှင့် ရေဝေရေလဲဒေသ ထိန်းသိမ်းရေး ဘက်စုံစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ သစ်တောဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ရေဝေရေလဲဒေသ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ရေဝေရေလဲဒေသများ စိမ်းလန်းစိုပြည်ရေး ထိန်းသိမ်းစောင့်ရှောက်မှု၊ ယာဉ်ယန္တရားကြီးများဖြင့် ရေလမ်းကြောင်းပြုပြင်နေမှု၊ ကန်ရေသန့်ရှင်းရေးထိန်းသိမ်းထားရှိမှု အခြေအနေများကို ရေယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် တောင်ကြီးမြို့နယ်ရှိ တောင်လေးလုံးကြီးဝိုင်းသစ်တောသုတေသနစခန်း အမှတ်(၃)သို့ ရောက်ရှိရာ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတို့က ၂၀၀၉-၂၀၁၀ မှ ၂၀၁၄-၂၀၁၅ ခုနှစ်အထိ အင်းလေးကန်ဝန်းကျင် ရေရှည်တည်တံ့စေရေးနှင့် ရေဝေရေလဲထိန်းသိမ်းရေး

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် သာစည်မြို့နယ် အမှတ်(၅၉)သစ်စက် ယင်းမာပင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စီမံချက်အရ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားကာ ထင်းရှူးပင်များ စိုက်ပျိုးအောင်မြင်နေမှု၊ တောင်လေးလုံး အမြဲတမ်းပျိုးဥယျာဉ်အတွင်း မဲဇလီ၊ ယူကလစ်၊ ထင်းရှူး၊ ခါတော်မီ၊ ကျွန်းမျိုးစေ့နှင့် ပျိုးပင်များ ပျိုးထောင်သုတေသနပြုထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် သာစည်မြို့နယ် အမှတ်(၅၉)သစ်စက် ယင်းမာပင်သို့ရောက်ရှိပြီး စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်မှု အဆင့်ဆင့်နှင့် ခွဲစိတ်ပြီး သစ်ခွဲသားများအား စနစ်တကျထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆေးရုံသုံးပစ္စည်းဝယ်ယူရန် ငွေလှူ

ရန်ကုန် ဇွန် ၂၈

ကရင်ပြည်နယ် မြဝတီဆေးရုံကြီးအတွက် လူနာခုတင်များနှင့် လူနာသုံးဗီရိုများဝယ်ယူရန်အတွက် အလှူငွေကျပ်သိန်း ၂၀ပေးအပ်လှူဒါန်းပွဲကို ဇွန် ၂၇ ရက် နံနက်က ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမ၌ ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းထံ မရမ်းကုန်းမြို့နယ်နေ သီရိသုမင်္ဂလာဇောတရေ ဦးမြင့်စိုး-ဒေါ်မြမြစိုး၊ သမီး မရတနာစိုးမိသားစုက ငွေကျပ်သိန်း ၂၀ ပေးအပ်လှူဒါန်းသည်။**(ယာပုံ)**

အခမ်းအနားသို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ချိုဦး၊ အဖွဲ့ဝင် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကျော်မြင့်၊ တာဝန်ရှိသူများနှင့် မြဝတီဆေးရုံအုပ်ကြီး ဒေါက်တာဌေးနောင်တို့ တက်ရောက်ကြသည်။

(၆၁)

ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၃) အမှတ်(၇) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၂၈

မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း)သည် ရန်ကုန်မြို့တွင် လူဦးရေ ၆ ဒသမ ၆ သန်းကျော်ရှိသည့်အနက် ခရီးသွားလျက်ရှိသော ရန်ကုန်ခရီးသွားလူထု ၃ ဒသမ ၄သန်းမှ ခရီးသည် နှစ်သန်း ခရီးသွားလာမှု အဆင်ပြေစေရန် ယာဉ်လိုင်းပေါင်း ၁၃၀ တွင် ကားအစီး ၁၉၀၀ တို့ဖြင့် ခရီးသည်များ ဘေးမသီရန်မခ လိုရာခရီးကို သတ်မှတ်ယာဉ်စီးခနှုန်းထားဖြင့် စိတ်ချလက်ချသွားလာနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်ခရီးသွားလုပ်ငန်း အရည်အသွေးမြင့်တင်ရန်၊ ယာဉ်တိုက်မှုများ လျော့နည်းပပျောက်စေရန်၊ ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားများ အသိပညာတိုးတက်ရန်၊ လိမ္မာယဉ်ကျေးရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာစေရန်နှင့် ခရီးသွားပြည်သူများနှင့် ယာဉ်လုပ်သားများ သဟဇာတဖြစ်စေရန်တို့အတွက် ရည်ရွယ်၍ ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၃) အမှတ်(၇)ကို ဇွန် ၂၈ ရက်တွင် ထုတ်ဝေဖြန့်ချိလိုက်သည်။

ယခုထုတ်ဝေလိုက်သော ရန်ကုန်ခရီးသွားဂျာနယ်တွင် အောင်မြင့်(သစ်လုပ်ငန်း)၊ မင်းရွှေမိုးတို့၏ ကဗျာများ၊ ခင်မြန်မာ၏ ကလေးလူငယ်ကဏ္ဍ၊ အရှင်ပါမောက္ခ (ကြို့ပင်ကောက်)၊ ဓမ္မာစရိယဦးခင်မောင်၊ တက္ကသိုလ်တင်ခ၊ မောင်ကောင်းမြင့်၊ ဆူးသစ်နီ၊ ချစ်စံဝင်း၊ ရွှေကျွန်းခိုင်သစ်၊ ကောင်းသန့်၊ ဦးငွေသိန်း(ကုမ္ပဏီလမ်းညွှန်)၊ ဒေါက်တာဒေါ်စိုးသူ၊ ပြည်စိုး၊ ကပ္ပိယတစ်ဦး၊ ခင်မောင်ရင်၊ မောင်နေမွန်၊ အဏ္ဏဝါစိုးမိုး၊ မိချမ်းဝေ၊ ဧကေန်(အနုပညာ)၊ မောင်မြတ်မွန်(ဆူးလေ)၊ မောင်သက်ပိုင်၊ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ ဆောင်းဝင်းလတ်၊ မျိုးမြင့်(လှည်းကူး)နှင့် တက္ကသိုလ်ညိုသန့်တို့၏ ရသစုံကဏ္ဍစုံ၊ လက်ရာစုံများအပြင် ဌေးဝေ၏ ရန်ကုန်ခရီးသွားဂျာနယ် နိုင်ငံတကာသတင်းနှင့် ကျန်းမာရေးကဏ္ဍ၊ ခင်မောင်တိုး(မိုးမိတ်)၏ ခရီးသွားဟာသကဏ္ဍနှင့် ပါရမီရှင်၏ တစ်လအတွင်း သင်သိစရာကဏ္ဍများ ပါဝင်သည်။

ရန်ကုန်ခရီးသွားဂျာနယ်ကို ရန်ကုန်မြို့ စာအုပ်ဆိုင်ကြီးများ၊ မထသဌာနခွဲများနှင့် ဂိတ်များ၌ ရရှိနိုင်ပြီး စာမူနှင့် ကြော်ငြာကိစ္စများအတွက် ဆက်သွယ်လိုပါက အမှတ်(၄၇၄) သိမ်ဖြူလမ်း ကန်တော်ကလေးစာတိုက်ရှေ့ ဖို့မြေရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၁၈၅၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဂမုန်းပွင့် ကုန်တိုက်

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဂမုန်းပွင့်ကုန်တိုက်ကို တွေ့ရစဉ်။

(သတင်းစဉ်)

လားရှိုးမြို့ စည်ပင်လုပ်ငန်းများ ညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကိုသည် ဇွန် ၂၄ ရက် နံနက်ပိုင်းတွင် ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (လားရှိုး)သို့ရောက်ရှိပြီး ပြည်နယ်ဒေသဖွံ့ဖြိုးရေးအဖွဲ့မှူး (ဒုတိယညွှန်ကြားရေးမှူး)ဦးတင်ဝင်းနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန လားရှိုးမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ ရောက်ရှိပြီး အခြေခံအိမ်တွင်းမှုသင်တန်းသူ ၄၀ နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း သင်တန်းသူ ၁၂ ဦး စုစုပေါင်း ၅၂ ဦး၏ စက်ချုပ်လေ့ကျင့်သင်ကြားနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုးထားရှိ

ထို့နောက် သင်တန်းသူများ၏ လက်ရာများကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသူ စားရိပ်သာ၊ မီးဖိုချောင်၊ သင်တန်းသူ အိပ်ဆောင်နှင့် ကျောင်းအတွင်း ပန်းအလှပင်၊ ရာသီသီးနှံပင်နှင့် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့ပေးအပ်

ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်သည် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန လားရှိုးမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ၁၁၀ အတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ဘောလ်ပင်၊ ခဲတံနှင့် ငွေများ ထောက်ပံ့ပေးအပ်ကာ ကျောင်းသား အိပ်ဆောင်၊ စားရိပ်သာနှင့် ရာသီသီးနှံပင်၊ နှစ်ရှည်ပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂမုန်းပွင့်ကုန်တိုက်များတွင် ၂၀၁၀ ကမ္ဘာ့ဖလားချန်ပီယံ ခန့်မှန်းဆု ယူနိုင်ပြီ

ရန်ကုန် ဇွန် ၂၈

ရန်ကုန်မြို့ မြေနီကုန်း ကုန်သည်လမ်းနှင့် ဘိုကလေးဈေးလမ်းထောင့်၊ မဟာဗန္ဓုလလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်၊ သိမ်ကြီးဈေးမျက်နှာစာနှင့် ကမ္ဘာအေးစေတီလမ်းဟူ၍ လေးနေရာတွင် ဆိုင်ခွဲများ ဖွင့်လှစ်ရောင်းချနေသော ကုန်တိုက်များတွင် ယနေ့မှစ၍ ဇူလိုင် ၁၁ ရက်အထိ ၂၀၁၀ ကမ္ဘာ့ဖလားချန်ပီယံ ခန့်မှန်းပြိုင်ပွဲ အစီအစဉ်ကို စတင်နေပြီဖြစ်သည်။

ဂမုန်းပွင့်ဆိုင်ခွဲများအားလုံးတွင် ကျပ်တစ်သောင်းဖိုးနှင့်အထက် ဝယ်ယူသူတိုင်း ချန်ပီယံအသင်း ခန့်မှန်းကူပွန်တစ်စောင် ရရှိမည်ဖြစ်သည်။ ကူပွန်တွင် မိမိခန့်မှန်းရာ နိုင်ငံကိုရွေးချယ်ပေးပြီး သက်ဆိုင်ရာနိုင်ငံ မဲပုံးများတွင် ထည့်ပေးရမည်ဖြစ်သည်။ ဇူလိုင် ၁၃ ရက်တွင် ကံထူးရှင် ၃၀ ကို ကံစမ်းမဲနှိုက် ရွေးချယ်မည်ဖြစ်သည်။

ပထမဆု ၃၂ လက်မ LCD TV၊ ဒုတိယဆု ကျပ်နှစ်သိန်းတန် ဈေးဝယ်ခွင့်လက်မှတ်၊ တတိယဆု ကျပ်တစ်သိန်းတန် ဈေးဝယ်ခွင့်လက်မှတ်နှင့် နှစ်သိမ့်ဆုများအဖြစ် Moon အမှတ်တံဆိပ် ထမင်းပေါင်းအိုး၊ ပန်ကာ၊ မီးပူနှင့် အခြားပစ္စည်းများ ချီးမြှင့်မည်ဖြစ်သည်။

အဆိုပါဂမုန်းပွင့်မှ Moon အမှတ်တံဆိပ် အိမ်သုံးလျှပ်စစ်ပစ္စည်းများသည် နေ့စဉ်အဖော်မွန်အဖြစ် အသုံးတည့်ကြောင်း၊ ဂမုန်းပွင့်ကုန်တိုက်များတွင် ကျပ်တစ်ထောင်ဖိုးနှင့်အထက် ဝယ်ယူသူတိုင်းကို ၁၅ ရက် တစ်ကြိမ် ကံစမ်းမဲဆုများ ချီးမြှင့်ပေးသဖြင့် ဈေးဝယ်သူများ နှစ်ခြိုက်ကြကြောင်း သိရှိရသည်။

ထို့အပြင် ကမ္ဘာအေးဘုရားရှေ့ရှိ ဂမုန်းပွင့် Shopping Mall တွင်လည်း Weekend Sale အစီအစဉ်အနေဖြင့် ကျပ်သုံးသောင်းနှင့်အထက် ဝယ်ယူသူတိုင်းအတွက် အထူးအစီအစဉ်ကိုလည်း အပတ်စဉ် ဆောင်ရွက်ပေးနေကြောင်း သိရှိရသည်။

(သတင်းစဉ်)

စည်ပင်ဈေး မီးဘေးကာကွယ်

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၁) (၂) ဈေး မီးလောင်ဆုံးရှုံးမှုမရှိစေရေးအတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဇွန် ၁၆ ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်စိုး ရှင်းလင်းပြသစဉ်။

(သတင်းစဉ်)

မြန်နှုန်းမြင့် မော်တော်ဘုတ်ချင်း တိုက်မိမှုကြောင့် ဒဏ်ရာရရှိသွားသော အနောက်နိုင်ငံသား ကမ္ဘာလှည့်ခရီးသည် တစ်ဦးအား ထိုင်းကယ်ဆယ်ရေးဝန်ထမ်းများ ပြုစုနေသည်ကို ဇွန် ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ထိုင်းပင်လယ်ကွေ့အတွင်း မော်တော်ဘုတ်နှစ်စင်းတိုက်၍ ၃၃ ဦး ဒဏ်ရာရ

ဗန်ကောက် ဇွန် ၂၈

ထိုင်းပင်လယ်ကွေ့အတွင်းတွင် ထိုင်းနှင့် အနောက်နိုင်ငံများမှ ကမ္ဘာလှည့်ခရီးသည်များတင်ဆောင်လာသော မြန်နှုန်းမြင့် မော်တော်ဘုတ်နှစ်စင်းတိုက်မိရာ အနည်းဆုံး ၃၃ ဦး ဒဏ်ရာရ၍ နှစ်ဦးပျောက်ဆုံးနေကြောင်း ဆေးရုံဝန်ထမ်းများနှင့် မီဒီယာများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ခိုဖန်ဂန်ကျွန်း၏ ပင်လယ်ကမ်းခြေ၌ ကျင်းပသည့် လပြည့်ည ပျော်ပွဲရွှင်ပွဲသို့ ခရီးသည်များကို အသွားအပြန် သယ်ပို့ပေးနေသော မော်တော်ဘုတ် နှစ်စင်းသည် စနေနေ့ည နှောင်းပိုင်း၌ တိုက်မိခြင်း ဖြစ်သည်။ ယင်းပျော်ပွဲရွှင်ပွဲကို ထိုကျွန်းပေါ်တွင် တစ်လတစ်ကြိမ် ကျင်းပမြဲဖြစ်ပြီး စိတ်လွတ်ကိုယ်လွတ် ခရီးလှည့်လည်နေသော အနောက်နိုင်ငံသားများအကြားတွင် အထူးပင် ရေပန်းစားသည်။

အနီးရှိ ခိုဆာမွီခြိုင်း အပန်းဖြေကျွန်းပေါ်ရှိ ဆေးရုံနှစ်ရုံမှ ခရီးသည် ၃၃ ဦးကို ပြုစုကုသပေးခဲ့ရကြောင်း၊ ယင်းတို့အနက်မှ ကိုးဦးကို ဆက်လက်ကုသပေးလျက်ရှိကြောင်း၊ ထိုကိုးဦးမှာ ဩစတြေးလျနိုင်ငံသား ငါးဦး၊ ဗြိတိန် နိုင်ငံသားနှစ်ဦးနှင့် စင်ကာပူနှင့် အိုင်ယာလန်မှ တစ်ဦးစီတို့ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

အခြားသတင်းတစ်ရပ်တွင် လူနှစ်ဦး ပျောက်ဆုံး၍ ၃၉ ဦး ဒဏ်ရာရရှိကြောင်း နှစ်ဦးမှာ ဦးခေါင်းတွင် ဒဏ်ရာရရှိ၍ စိုးရိမ်ဖွယ်ရာရှိကြောင်း ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

ဓာတ်ငွေ့ကြွေးအတွက် ဘီလာရုစ်က ရုရှားကို ခြိမ်းခြောက်

မင်(ဘီလာရုစ်) ဇွန် ၂၈

ဓာတ်ငွေ့ပိုက်လိုင်း ဖြတ်သန်းခြင်းအတွက် ပေးရမည့် အကြွေးဒေါ်လာသန်း ၂၆၀ကို ရုရှားနိုင်ငံ၏ အကြီးမားဆုံးသော စွမ်းအင်ကုမ္ပဏီကြီးဖြစ်သည့် ဂက်စ်ပရွန်က နှစ်ရက်အတွင်း မပေးခဲ့လျှင် ရုရှားက ဥရောပနိုင်ငံများသို့ ထောက်ပံ့ပေးနေသော ဓာတ်ငွေ့ပိုက်လိုင်းများကို ပိတ် မည်ဖြစ်ကြောင်း ဘီလာရုစ် သမ္မတ အလက်ဇန္ဒြား လူကာချင်ကိုက စနေနေ့တွင် ပြောကြားသည်။

ရုရှားနိုင်ငံက ရေနံနှင့်ဓာတ်ငွေ့များ ဥရောပသို့ ပေးပို့နေသော်လည်း ဘီလာရုစ်သို့ ဖြတ်သန်းခပေးရန် ကြွေးကျန်မရှိကြောင်း ဂက်စ်ပရွန်က သောကြာနေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

သို့သော် မကြာမီကာလအတွင်း လက်မှတ်ရေးထိုးကြမည့် စာချုပ်သစ်အရ ဖြတ်သန်းကြေးကို တိုးမြှင့်ပေးရန် အခြေခံအားဖြင့် သဘောတူထားပြီးဖြစ်ကြောင်း ဂက်စ်ပရွန်က ပြောကြားသည်။

ခန့်မှန်းခြေဒေါ်လာ သန်း ၂၀၀ အကြွေးပေးရန် ပျက်ကွက်ကြောင်း ဘီလာရုစ်က စွပ်စွဲခဲ့ပြီးနောက် ရုရှားက ယင်းနိုင်ငံသို့ ဓာတ်ငွေ့ပေးပို့မှုကို ၆၀ ရာခိုင်နှုန်းထိ ဖြတ်တောက်ခဲ့သည်။ ဥရောပနိုင်ငံအများစုက ဘီလာရုစ်နိုင်ငံကို ဖြတ်၍ ရုရှားကပေးပို့နေသော ဓာတ်ငွေ့များအား အဓိက မှီခိုနေရစဉ် ဂျာမနီ၊ ပိုလန်နှင့် လစ်သူယေးနီးယားကဲ့သို့သော နိုင်ငံများသို့ ဓာတ်ငွေ့များ ထပ်ဆင့်ပေးပို့နေခြင်းကို ရပ်ဆိုင်းရန် လူကာချင်ကိုက အမိန့်ထုတ်ပြန်ထားပြီး ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

နေတိုးတပ်ဖွဲ့ကြောင့် အာဖဂန်အရပ်သားများ သေဆုံးခဲ့ကြောင်း သတင်းများထွက်ပေါ်

ကန်ဒါဟာ ဇွန် ၂၈

ကန်ဒါဟာပြည်နယ်၌ အာဖဂန်နှင့် နိုင်ငံတကာတပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့သော ညစစ်ဆင်ရေးတစ်ခုအတွင်း တာလီဘန် တပ်မှူးတစ်ဦးနှင့် အခြားလက်နက်ကိုင် စစ်သွေးကြွ အများအပြား သေဆုံးခဲ့ကြောင်း မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)က တနင်္လာနေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

သို့ရာတွင် ဒေသခံများ၏ အဆိုအရ နေတိုးတပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် အဘိုးအိုနှစ်ဦး အပါအဝင် အရပ်သား ရှစ်ဦးတို့ သေဆုံးခဲ့ရကြောင်း သိရသည်။

ဖော်ပြ

နေတိုးအဖွဲ့၏ ထုတ်ပြန်ချက်တွင် အာဖဂန်နှင့် နိုင်ငံခြားတပ်ဖွဲ့ဝင်များသည် ကန်ဒါဟာမြို့ပြင်၌ သောင်းကျန်းသူများ၏ ပစ်ခတ်မှုခံခဲ့ရခြင်းကြောင့် ပြန်လည်တုံ့ပြန်ပစ်ခတ်ခဲ့ရာတွင် တာလီဘန် တပ်မှူးတစ်ဦး အပါအဝင် လက်နက်ကိုင်များ သေဆုံးခဲ့ကြောင်း ဖော်ပြထားသည်။

တောင်းဆို

သေဆုံးသူအချို့၏ ဆွေမျိုးသားချင်းတစ်ဦးက နေတိုးတပ်ဖွဲ့ဝင်များကြောင့် သေဆုံးခဲ့သူများမှာ အရပ်သားရှစ်ဦးသာဖြစ်ကြောင်း ပြောကြားခဲ့ပြီး သေဆုံးသူများသည် စစ်သွေးကြွများ ဟုတ်၊ မဟုတ် သက်သေပြရန် နေတိုးတာဝန်ရှိသူများအား တောင်းဆိုခဲ့သည်။

အင်တာနက်။

ဘရာဇီးနိုင်ငံ အလာဂိုးစ်ပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးမှုကြောင့် ရထားလမ်းများ ပျက်စီးနေသည်ကို ဇွန် ၂၅ ရက်က တွေ့ရစဉ်။

(အဆိုပါ ရေကြီးမှုကြောင့် ၅၁ ဦး သေဆုံးပြီး ၇၆ ဦး ပျောက်ဆုံးဆဲဖြစ်သည်။)

(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်တောင်ပိုင်း၌ ပြင်းထန်သောပေါက်ကွဲမှုဖြစ်ပွား လူ ၁၈ ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရ

အစ္စလာမ္မာဘတ် ဇွန် ၂၈

ပါကစ္စတန်နိုင်ငံ ဟိုက်ဒရာဘတ်မြို့၏ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အချက်အချာကျသောဒေသ၌ ဇွန် ၂၈ ရက်က ထရပ်ကားတစ်စီး ပြင်းထန်စွာ ပေါက်ကွဲမှုကြောင့် လူ ၁၈ ဦးထက်မနည်း သေဆုံးပြီး အများအပြား ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းဒ်ပြည်နယ်၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သော ဟိုက်ဒရာဘတ်မြို့ ဆင်ခြေဖုံးဒေသ ဟာလာနာကာ၌ ဓာတုပစ္စည်းများ တင်ထားသော ထရပ်ကားတစ်စီး ယာဉ်ရပ်နားရာ စခန်းတွင် ရပ်ထားစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် လမ်းဘေးဈေးဆိုင် ၁၀ ဆိုင်၊ ဟိုတယ်များ၊ ထရပ်ကား နှစ်စီးနှင့် အနီးနားရှိ ဝတ်ကျောင်းတစ်ကျောင်း ပျက်စီးခဲ့သည်။ ဓာတ်တိုင်များလည်း ပျက်စီးခဲ့သဖြင့် ယင်းဒေသတစ်ခုလုံးနီးပါးကို ဓာတ်အားပေးပို့မှု ရပ်ဆိုင်းခဲ့ရသည်။

ပေါက်ကွဲမှုဖြစ်ပွားရခြင်း အကြောင်းအရင်းကို ရှင်းလင်းစွာ ပြောကြားခြင်းမရှိသော်လည်း မျက်မြင်တွေ့ရှိသူများက ထရပ်ကားပေါ်တွင် တင်ဆောင်ထားသော ဓာတ်ငွေ့အိုးများ သို့မဟုတ် ဓာတုဗေဒပစ္စည်းများကြောင့် ပေါက်ကွဲရခြင်းဖြစ်သည်ဟု ဆိုသည်။ ဟာလာနာကာဒေသသည် လမ်းဘေးဟိုတယ် အမြောက်အမြားရှိသည့် စည်ကားသော ဒေသတစ်ခုဖြစ်ပြီး ယာဉ်မောင်းများသည် စားသောက်ရန်အတွက် ၎င်းတို့၏ ထရပ်ကားများ ပုံမှန်ရပ်နား လေ့ရှိသောဒေသလည်း ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်နိုင်ငံ ဆင်းဒ်ပြည်နယ်၌ ဓာတုပစ္စည်းတင် ထရပ်ကားတစ်စီး ဇွန် ၂၈ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂျိုဟန်နက်စဘတ်မြို့ ရဲစခန်းတစ်ခု ဖောက်ထွင်းခံရ ဖြုတ်၍ရနိုင်သမျှ ပစ္စည်းအားလုံး သူခိုးလက်သို့ပါ

ဂျိုဟန်နက်စဘတ် ဇွန် ၂၈

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့အနောက်ပိုင်းရှိ ကာလက်တန်ဗီးလ်ရဲစခန်းကို သူခိုးများဖောက်ထွင်းဝင်ရောက်ကာ ဖြုတ်ယူသယ်ဆောင်၍ရသော ပစ္စည်းမှန်သမျှကို ယူဆောင်သွားကြောင်း တနင်္လာနေ့သတင်းများတွင် ဖော်ပြသည်။

ကာလက်တန်ဗီးလ်ရဲစခန်းကို အသစ်ပြန်လည်မွမ်းမံမှုများ အဆုံးမသတ်သေးသောကြောင့် ရဲစခန်းတာဝန်ရှိသူများ အနီးအနားရှိအဆောက်အအုံတစ်လုံးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခိုက် အဆိုပါ ဖောက်ထွင်းမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သူခိုးများသည် ရေအိမ်သုံးပစ္စည်းများ၊ ကြောင်အိမ်များ၊ ပြတင်းပေါက်များ၊ တံခါးမများမှ အစပြု၍ မီးဖိုချောင် လက်ဆေးခွက်များအထိ ဖြုတ်ယူရရှိနိုင်သော ပစ္စည်းများကို ယူဆောင်သွားကြကြောင်း သတင်းများတွင် ဖော်ပြသည်။

အဆိုပါဖြစ်စဉ်သည် သာမန်ဖောက်ထွင်းခိုးယူမှုမျိုးမဟုတ်ဘဲ အဆန်းတကြယ်ရှိကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ ရဲစခန်းပြုပြင်မွမ်းမံမှုကို တာဝန်ယူထားသော ပြည်သူ့လုပ်ငန်းဝန်ကြီးဌာနသည် ပြုပြင်မွမ်းမံစဉ်အတွင်း ယင်းရဲစခန်းလုံခြုံရေးနှင့် ပတ်သက်၍ တာဝန်ပေါ့လျော့ကြောင်း ၎င်းက ပြစ်တင်ပြောဆိုခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

နာမည်ပျက်ရှိသည့် ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီ စီအိုင်အေက အာဖဂန်နစ္စတန်၌ ဆက်လက်အသုံးပြုမည်

ဝါရှင်တန် ဇွန် ၂၈

အမေရိကန်ဗဟိုထောက်လှမ်းရေးအေဂျင်စီ(စီအိုင်အေ)သည် ယခင်က နာမည်ပျက်ရှိခဲ့သော စီးလုံခြုံရေးဝန်ဆောင်မှု ကုမ္ပဏီတစ်ဖြစ်လဲ ဘလက်ဝါးတား လုံခြုံရေးကုမ္ပဏီကို အာဖဂန်စစ်ပွဲ၌ ဆက်လက်အသုံးပြုသွားမည်ဖြစ်ကြောင်း စီအိုင်အေညွှန်ကြားရေး လီယွန်ပါနေတာက တနင်္ဂနွေနေ့တွင် အတည်ပြုပြောကြားသည်။

ဘလက်ဝါးတား လုံခြုံရေးကုမ္ပဏီဟု လူသိများခဲ့သော အဆိုပါကုမ္ပဏီသည် အာဖဂန်နစ္စတန်၌ ဆောင်ရွက်နေသော စီအိုင်အေ၏ လုပ်ငန်းများကို ကာကွယ်စောင့်ရှောက်ရမည် ဖြစ်သည်။ အာဖဂန်နစ္စတန်နိုင်ငံအတွင်းရှိ အမေရိကန်တာဝန်ရှိသူများကို လုံခြုံရေးစောင့်ကြပ်ပေးရန်အတွက် သီးခြားစာချုပ်တစ်ခုအပါအဝင် စီးပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီနှင့် စီအိုင်အေထောက်လှမ်းရေးအဖွဲ့တို့ ချုပ်ဆိုခဲ့သည့် ကန်ထရိုက်စာချုပ်များ၏ တန်ကြေးသည် ဒေါ်လာသန်း ၁၀၀ မျှရှိသည်။

၂၀၀၇ ခုနှစ်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အပြစ်မဲ့အရပ်သားများကို ပစ်ခတ်သတ်ဖြတ်ခဲ့မှု အပါအဝင် နာမည်ဆိုးထွက်ရှိခဲ့သည့် အဖြစ်အပျက်များတွင် ဘလက်ဝါးတား ကုမ္ပဏီခေါ် စီးပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီ ပါဝင်ပတ်သက်ခဲ့သည်။

အင်တာနက်။

ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသားအကျိုးစီးပွားအပေါ် ခိုင်ခိုင်မာမာရပ်တည် ပြည်သူများအား တိကျသည့် အခြေအနေမှန်များကို ပြန်ကြားပေးရန် အရေးကြီး

ရန်ကုန် ဇွန် ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဗဟိုပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ပဲခူးခရိုင်နှင့် မြို့နယ်များမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များအပေါ် ဝန်ထမ်းများ၏ စီမံဆောင်ရွက်နေမှု အခြေအနေများ၊ ဝန်ထမ်းများအနေဖြင့် ဒေသနေ ပြည်သူလူထုနှင့် ထိတွေ့၊ ဆွေးနွေး ပြန်ကြားရေးလုပ်ငန်း ဆောင်ရွက်နိုင်မှု အခြေအနေများကိုသိရှိပြီး မိမိအနေဖြင့် ဖြည့်ဆည်းမှာကြားရန် ရှိသည်များအပေါ် ဆွေးနွေးဖြည့်ဆည်း ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း။

ခိုင်ခိုင်မာမာရပ်တည်

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံနေကြရသူများဖြစ်သဖြင့် ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသားအကျိုးစီးပွားအပေါ် ခိုင်ခိုင်မာမာရပ်တည်လျက် ပြည်သူများအား တိကျသည့်အခြေအနေမှန်များကို ပြန်ကြားပေးရန် အရေးကြီးကြောင်း။

မိမိဒေသအတွင်း ကျေးရွာတိုင်း သတင်းစာတစ်စောင် ရောက်ရှိဖတ်ရှုနိုင်ရေး၊ ဒို့ကျေးရွာဂျာနယ်တစ်စောင် ကျေးရွာတိုင်း ရောက်ရှိဖတ်ရှုနိုင်ရေးတို့အတွက် ကိုယ့်အားကိုယ်ကိုးသည့်စနစ်၊ ဒေသအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်သည့်စနစ်၊ စေတနာရှင်၊ အလှူရှင်များ၏လှူဒါန်းမှုဖြင့် ဆောင်ရွက်သည့်စနစ် စသည့် နည်းသုံးနည်းဖြင့် ဆောင်ရွက်ကြရန်၊ ရန်ကုန်တိုင်းအတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအားလုံး ၂၀၁၀ခုနှစ် ဒီဇင်ဘာလတွင် စံ (၅)ချက်နှင့် ပြည့်စုံသည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီး ဦးကျော်ဆန်းသည် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့သည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ပဲခူးခရိုင်နှင့် မြို့နယ်များမှ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ပဲခူးခရိုင်နှင့် မြို့နယ်များမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၉-၆-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၅	၇။	နှောင်းခေတ်တေးပဒေသာ
၈း၁၅	၈။	အတီးပြိုင်ပွဲ
၈း၃၀	၉။	တေးဂီတအစီအစဉ်
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	"ကြားညှပ်သီးနှံ့ဝဥပင်"
၈း၅၀	၁၂။	Local Talent
၉း၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အကပြိုင်ပွဲ
၄း၂၀	၃။	တေးဂီတအစီအစဉ်
၄း၃၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၄း၅၅	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀	၆။	"စပါးကရွှေ ငါးကငွေ"
၅း၁၀	၇။	ကြေးမုံရိပ်သွင်တေးနုယဉ်
၅း၂၅	၈။	ရင်မှာစွဲထင်တေးအလှသံစဉ်
၅း၄၀	၉။	ကမ္ဘာ့ဖလားပုံရိပ်များ (အပိုင်း-၆)
၅း၄၅	၁၀။	Football Planet (၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲကြိုသုံးသပ်ချက်)
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၁၅	၁၂။	မိုးလေဝသအခြေအနေ
၆း၂၀	၁၃။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၀	၁၄။	ဆိုလိုက်ကြစို့
၇း၀၀	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ "တို့အတူရှိစဉ်တုန်းက" (အပိုင်း-၃၁)**
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	တို့အိမ်ကလေး(နေရဲမာန်) တေးရေး-OVATIONအဖွဲ့
	၂၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (ဒုတိယတွဲ)(အပိုင်း-၅)**
	၂၁။	ရုပ်ရှင်ပဟေဠိ
	၂၂။	အစီအစဉ်ပြီး၏။

ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ကော့မှူးမြို့နယ် ကော်မရှင်အဖွဲ့ခွဲနှင့် တွေ့ဆုံ

ကော့မှူး ဇွန် ၂၈

ရန်ကုန်တောင်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ် တာဝန်ခံ ခရိုင်ဥပဒေအရာရှိ ဒေါ်ညိုညိုသည် ကော့မှူးမြို့နယ် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြို့နယ်ကော်မရှင်၏ လုပ်ဆောင်ရမည့် လုပ်ငန်းများနှင့် လုပ်ငန်းဆောင်ရွက်ချက်များ ညှိနှိုင်းဆွေးနွေးအကြံပေးခြင်းကို ဇွန် ၁၈ ရက်က မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပခဲ့ကြောင်း သိရှိရသည်။**(အောက်ပုံ)**
(မြို့နယ်ပြန်/ဆက်)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်းနေ မစုရည်ဝင်း၊ မအိရွှေစင်၊ မယွန်းမြတ်သာနှင့် မအေးရတနာစိုး သူငယ်ချင်းလေးဦးတို့က ဆွမ်းပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးကို လျှောက်လှမ်းရမည့် အမျိုးသားရေးလမ်းကြောင်း ဖြောင့်ဖြူးစွာပေါ်လွင် အမျိုးသားရေးလမ်းကြောင်းတစ်လျှောက် တွေ့ရှိရမည့် ရန်ဆူးရန်ငြောင့်များအား ပြည်သူ့စွမ်းအားဖြင့် ပူးပေါင်းဖယ်ရှား

ရန်ကုန် ဇွန် ၂၈

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ရတနာသိယံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။



မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၁) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်၊ စာရင်းစစ်ချုပ် ဦးလွန်းမောင်၊ ဒုတိယဝန်ကြီးများနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက အမှာစကားပြောကြားရာတွင် မျက်မှောက်ကာလ၌ ကမ္ဘာ့နိုင်ငံအသီးသီးသည် ပြောင်းလဲတိုးတက်နေသော နည်းပညာများကို ရယူနိုင်ပြီး မိမိတို့နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးအရင်းအမြစ်၊ သဘာဝအရင်းအမြစ်နှင့် လူသားအရင်းအမြစ်များကို နည်းလမ်းအမျိုးမျိုးဖြင့် ရယူပိုင်ဆိုင်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း၊ ဤအရင်းအမြစ်များအနက် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အာမခံချက်အရှိဆုံးဖြစ်သည်နှင့်အညီ အရည်အသွေးမြင့်မားသော နိုင်ငံသားအသိပညာရှင်၊ အတတ်ပညာရှင်များအား ပညာရေးကဏ္ဍမှ စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

လက်တွေ့ဘဝတွင် အသုံးပြု

ယနေ့ကာလ သိပ္ပံနှင့်နည်းပညာတိုးတက်ပြောင်းလဲမှုများသည် သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်တွင် ရပ်တန့်မနေဘဲ နေ့စဉ်လူမှုစီးပွားရေးဘဝအတွင်း လွှမ်းမိုးကြီးစိုးလာသည့်အတွက် ပညာရေး၏ ဦးတည်ချက်မှာလည်း လက်တွေ့လူမှုဘဝတွင် အသုံးပြုနိုင်ရန် အဓိကကျလျက်ရှိကြောင်း၊ ပညာရေးနယ်ပယ်သည် ကျောင်းပရဝဏ်ကို ကျော်လွန်လာသည်နှင့်အမျှ ယနေ့အချိန်အခါတွင် ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏ တပည့် ကျောင်းသား၊ ကျောင်းသူများအား ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းအကျိုးအတွက် လက်တွေ့အကျိုးရှိရှိ အသုံးချနိုင်ရေး ဦးတည်ချက်ဖြင့် လေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်ကြောင်း။

ပညာရေးဖြင့်ရှေ့ဆောင်

ဆရာ၊ ဆရာမများ ကိုယ်တိုင်ကလည်း မိမိပတ်ဝန်းကျင် လူ့အဖွဲ့အစည်း၏ တိုးတက်ရာတိုးတက်ကြောင်းအတွက် ကျရာကဏ္ဍမှ အထောက်အကူပြုရင်း မိဘပြည်သူတစ်ရပ်လုံး အတွေးအမြင် အသိပညာ ပြည့်စုံကြွယ်ဝစေရေးအတွက် ပညာရေးဖြင့် ရှေ့ဆောင်မှုပေးကြရမည်ဖြစ်ကြောင်း။

အဓိကအားဖြင့် မိမိတို့၏တပည့် ကျောင်းသား၊ ကျောင်းသူ လူငယ်များနှင့် မိဘပြည်သူများအား နိုင်ငံတော်အစိုးရ၏ အနာဂတ်ကို မျှော်မှန်းသည့်တိုင်းကျိုးပြည်ပြု ကြိုးပမ်းဆောင်ရွက်ချက်များ၊ နိုင်ငံသူ၊ နိုင်ငံသားများ ၏ လူမှုစီးပွားရေးဘဝအခြေခံများ တိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ၊ ကျန်းမာကြံ့ခိုင်သန်စွမ်းပြီး ပညာရည်မြင့်မားသည့် လူမျိုးများအဖြစ် ထာဝရရပ်တည်နိုင်စေရန် ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများ စသည့် နိုင်ငံတော်အစိုးရ၏ ကောင်းမြတ်သော စိတ်စေတနာနှင့် ဖြောင့်မတ်သော ကြိုးပမ်းဆောင်ရွက်မှုများကို သိမြင်စေရေးအတွက် အခါမလပ် ပညာပေးစည်းရုံးပြီး တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် ပြည်သူတစ်ရပ်လုံး ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

လေ့ကျင့်သင်ကြားပေး

ထို့အပြင် နိုင်ငံတော်အစိုးရ၏ အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းဆောင်တာများတွင် ဆရာ၊ ဆရာမများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်ရင်း မိမိတို့၏ ကျောင်းသား၊ ကျောင်းသူ လူငယ်များအား နိုင်ငံတော်သစ်နှင့် ထိုက်တန်သည့် နိုင်ငံ့သားကောင်း အရည်အသွေးများ၊ နိုင်ငံကြီးသားစိတ်ဓာတ်များ ပြည့်စုံစေရေးအတွက် လေ့ကျင့်သင်ကြားပေးကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။

တစ်ဆက်တည်းမှာပင် ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့တာဝန်ကျရာ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဖော်ဆောင်ခြင်းဖြင့် လက်ရှိကာလ ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်းများ တစ်ဆင့်ပြီးတစ်ဆင့် မြင့်မားလာမှာဖြစ်သကဲ့သို့ အနာဂတ်ကာလတွင်လည်း မျိုးဆက်သစ်များထံ နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်သည့် ခေတ်မီနိုင်ငံတော်အဖြစ် သမိုင်းရေး အမွေခံကောင်းများဖြင့် လွှဲပြောင်းပေးနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်ကာလတွင် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးနှင့် သာယာဝပြောရေးကို ဦးတည်ပြီး လိုအပ်သည့် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများကို ဖော်ဆောင်နေသည့်နည်းတူ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ဖွင့်လှစ်သည့် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းတွင် နိုင်ငံတော် အစိုးရအနေဖြင့် မိမိတို့၏ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ အဓွန့်ရှည်တည်တံ့ခိုင်မြဲမှုကို အာမခံနိုင်မည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများကို ကြိုးပမ်းတည်ဆောက်ပေးနေမှုများ၊ ဤအခြေခံကောင်းများ၏ စွမ်းအားဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် ပညာရေးကဏ္ဍအပါအဝင် ကဏ္ဍစုံမှ ကြိုးပမ်းအကောင်အထည်ဖော်နေမှုများကို ဆည်းပူးလေ့လာကြရမည်ဖြစ်သည့်အတွက် သင်တန်းသား ဆရာ၊ ဆရာမများအနေဖြင့် အမျိုးသားရေးအမြင်၊ လူမှုရေးအမြင်၊ အုပ်ချုပ်ရေးအမြင်များဖြင့် လေ့လာကြရမည်ဖြစ်ကြောင်း။

ဖြောင့်ဖြူးစွာပေါ်လွင်

ယခုကဲ့သို့ လေ့လာမှုများမှတစ်ဆင့် ပြည်သူများလိုလားတောင့်တနေကြသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးကို လျှောက်လှမ်းရမည့် အမျိုးသားရေးလမ်းကြောင်းသည် မိမိတို့ရှေ့မှောက်တွင် ဖြောင့်ဖြူးစွာပေါ်လွင်လျက် ရှိနေပြီဖြစ်သည်ကို ဆရာ၊ ဆရာမများအနေဖြင့် တွေ့မြင်ကြရမှာ ဖြစ်ကြောင်း။

ဤအမျိုးသားရေးလမ်းကြောင်းတစ်လျှောက် တွေ့ရှိလာရမည့် ရန်ဆူးရန်ငြောင့် ခလုတ်တံသင်းများအား ပြည်သူ့စွမ်းအားဖြင့် ပူးပေါင်းတွန်းလှန်ဖယ်ရှားရင်း ရည်မှန်းချက်ပန်းတိုင် ရောက်သည်အထိ ညီညီညွတ်ညွတ် ဖြောင့်ဖြောင့်မတ်မတ် ဆက်လက်လျှောက်လှမ်းသွားကြရာတွင် မိမိတို့ ကျရာအခန်းကဏ္ဍက ပါဝင်ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါ သင်တန်းသို့ အခြေခံပညာ ဆရာ၊ ဆရာမ ၁၅၀၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ် ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

ဂဝံလမ်းခင်း

ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် တံခွန်တိုင်-ကျောက်ပုံဆိပ် ဂဝံလမ်းခင်းခြင်းလုပ်ငန်းအတွက် ဂဝံကျောက်များ စုဆောင်းထားရှိမှုကို အမှုဆောင်အရာရှိ ဦးဝင်းလှိုင် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဟိန်းဇော် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စာရင်းစစ်ချုပ်ရုံး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၈

စစ်ရင်းစစ်ချုပ်ရုံး ပြည်နယ်နှင့်တိုင်း ညွှန်ကြားရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ထပ်ဆင့်ရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်း စာရင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းစာရင်းရုံး ညွှန်ကြားရေးမှူး ဦးမြင့်အောင်က စာရင်းစစ်ချုပ်၏ မှာကြားချက်များကို ပြန်လည်ရှင်းလင်းပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးများ၊ ခရိုင်နှင့်မြို့နယ်စာရင်းစစ် အရာရှိများ၏ လုပ်ငန်းဆိုင်ရာ ဆွေးနွေးတင်ပြချက်များကို ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းမှာကြားကာ နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇွန် ၂၈

နှစ်ပေါက်တစ်ပေါက် ရိုက်တဲ့ကန်ထရိုက်တွေသတိထား သတင်းပါရှိသည့် 'မြန်မာနယူးစ်ဝိခ်ဂျာနယ်' အတွဲ(၂) အမှတ်စဉ်(၃၄)ကို ယနေ့ဖြန့်ချိလိုက်သည်။

ရွေးကောက်ပွဲဆိုတာ ပြည်သူတွေရဲ့ တာဝန်ကကြီးတယ် လူမှန်ပါတီမှန် ရွေးချယ်နိုင်ဖို့လိုတယ်ဆိုတဲ့ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ ဥက္ကဋ္ဌ ဒေါက်တာသန်းငြိမ်းနှင့် တွေ့ဆုံမေးမြန်းခြင်း၊ အပြောင်းအလဲ လုပ်ချင်လို့ ရွေးကောက်ပွဲဝင်ရတာဆိုတဲ့ ဒီမိုကရက်တစ်(မြန်မာ)ပါတီဥက္ကဋ္ဌ ဦးသုဝေနှင့် တွေ့ဆုံခြင်း၊ မိမိကိုယ်ကိုယ် အဆုံးစီရင်သော မိန်းကလေးတစ်ဦးအား ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာန ကယ်ဆယ်ရေးအဖွဲ့မှ ကယ်တင်၊ ဆရာဝန်-လူနာ-လူနာရှင်၏ အားကိုးမှုနှင့် သမားကျင့်ဝတ်၊ Online Smart Card စတင်သုံးစွဲခွင့်ပြု၊ ဝယ်လိုအား ရောင်းလိုအား မရှိသော်လည်း မြန်မာ့ရွှေဈေးများ ကမ္ဘာ့ရွှေဈေးနှင့်အပြိုင် စံချိန်တင်မြင့်တက်၊ နေ့စားအလုပ်သမားတစ်ဦး မြေအောက်ရေမြောင်းရှင်းလင်းရာကရေနစ်၍သေဆုံး၊ အထည် Export သုံးပုံတစ်ပုံကိုဂျပန်နိုင်ငံသို့တင်ပို့နေရ၊ စက်သုံးဆီအရောင်းဆိုင်များ ဆီဂါလန်ပြည့်ဝပြီး ဝယ်သူယုံကြည်စိတ်ချမှုရှိရန်လိုအပ်၊ ရခိုင်ပြည်နယ်အတွင်းရှိ လတ်တလော ဆန်ဈေးအခြေအနေ၊ မင်္ဂလာဈေးပြန်လည်ပြုပြင်ရာတွင် တတိယထပ်ခေါင်မိုးမှ စတင်ပြုပြင်မည်၊ မြန်မာ့ပုဂ္ဂလိကလေကြောင်း ကုမ္ပဏီများ လေယာဉ်များဝယ်ယူ တိုးချဲ့ပြေးဆွဲရန်ရှိ၊ အီရန်ကိုတိုက်ဖို့ အစ္စရေးခြိမ်းခြောက်မှုက ပင်လယ်ကွေ့မှာ နျူကလီးယားစစ်ပွဲဖြစ်ပွားဖို့ မီးထိုးပေးနေတာလား၊ အီရန် ဘာကြောင့် နျူကလီးယားဗုံးလိုအပ်နေသလဲ၊ အမေရိကန်က အီရန်အန္တရာယ်ကိုရင်ဆိုင်ရန် စစ်သင်္ဘော ၁၁ စင်း ပါရှန်ပင်လယ်ကွေ့သို့ စေလွှတ်၊ အီရန်နှင့်စစ်ဖြစ်ရေးကို အမှန်အဖြစ် သက်သေပြနိုင်ရန် အယောင်ဆောင်တိုက်ခိုက်မှုတွေ ပြုလုပ်နိုင် စသည့် နောက်ဆုံးရ ပြည်တွင်း ပြည်ပသတင်းများနှင့် အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

'မြန်မာနယူးစ်ဝိခ်ဂျာနယ်' ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။

(သတင်းစဉ်)

(၁၇)ကြိမ်မြောက် ACEDAC အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးတင်ထွတ် အဖွင့်အမှာစကားပြောကြား

နေပြည်တော် ဇွန် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်က အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၇)ကြိမ်မြောက် ACEDAC အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ အမရဟိုတယ်၌ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးတင်ထွတ်တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ သမဝါယမ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကို၊ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒုတိယအကြိမ်

ရှေးဦးစွာ ဝန်ကြီး ဦးတင်ထွတ်က အဖွင့်အမှာ စကား ပြောကြားရာတွင် (၉)ကြိမ်မြောက် ACEDAC အစည်းအဝေးနှင့် (၄)ကြိမ်မြောက် ASWGAC အစည်းအဝေးများကို ၂၀၀၂ ခုနှစ်တွင် ပထမအကြိမ်အဖြစ် မြန်မာနိုင်ငံ၌ လက်ခံကျင်းပခဲ့ပြီး ယခု(၁၇)ကြိမ်မြောက် ACEDAC အစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် ASWGAC အစည်းအဝေးကို မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်နိုင်ငံအဖြစ် ဒုတိယအကြိမ် လက်ခံကျင်းပခြင်း ဖြစ်ပါကြောင်း၊ အားလုံး၏ စဉ်ဆက်မပြတ် အားပေးကူညီမှု မပျက်မကွက်တက်ရောက်ကြမှုများကို ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း၊ ကိုယ်စားလှယ်များအားလုံး မြန်မာနိုင်ငံ၌ နေထိုင်စဉ်အတွင်း ပျော်ရွှင်ချမ်းမြေ့သော အမှတ်ရဖွယ်များ ဖြစ်စေပြီး အစည်းအဝေးများတွင် ညှိနှိုင်းဆွေးနွေး အကြံပြုချက်များကိုလည်း ဆက်လက်အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် အာဆီယံနိုင်ငံများတွင် အဓိကကျသည့် ကဏ္ဍကြီးတစ်ခု ဖြစ်ပါကြောင်း၊ လွန်ခဲ့သည့် နှစ်အနည်းငယ်မှစပြီး အာဆီယံနိုင်ငံများ၏ စိုက်ပျိုးရေးကဏ္ဍ၌ ကြုံတွေ့ခဲ့ရသည့် အခက်အခဲများကို အာဆီယံအဖွဲ့ဝင် နိုင်ငံများတွင်ရှိသည့် စိုက်ပျိုးရေး သမဝါယမအသင်းများ ဝိုင်းဝန်းပူးပေါင်းဖြေရှင်း ဆောင်ရွက်မှုတို့ကြောင့် အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ကြပါကြောင်း၊ ထို့အပြင် အာဆီယံနိုင်ငံအစိုးရများ၏ အားပေးကူညီမှုဖြင့် စိုက်ပျိုးရေး သမဝါယမများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး အာဆီယံနိုင်ငံအသီးသီးမှသည် အာဆီယံဒေသကြီးတစ်ခုလုံး၏ စီးပွားရေးတွင် ကျယ်ပြန့်စွာ ပါဝင်လာနိုင်ခဲ့ပါကြောင်း။

ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်များကို ကြည့်မည်ဆိုလျှင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကျား/မခွဲခြားမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စိန်ခေါ်မှုများ ရင်ဆိုင်ဖြေရှင်းနိုင်ရေးကို ကြေညာချက်တစ်ရပ်အဖြစ် ထည့်သွင်းထုတ်ပြန်ခဲ့ပါကြောင်း၊

ပူးပေါင်းဆောင်ရွက်

ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်များတွင် ရည်မှန်းချက်ရှစ်ခု၊ ပန်းတိုင် ၁၈ ခုနှင့် အညွှန်းကိန်း ၄၈ ခု ပါဝင်ပါကြောင်း၊ အဆိုပါ ရည်မှန်းချက်များအနက် ရည်မှန်းချက် ခုနစ်ခုသည် ဆင်းရဲနွမ်းပါးမှုလျှော့ကျအောင် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံက ဆောင်ရွက်ရမည်ဖြစ်ပြီး နောက်ဆုံး ရည်မှန်းချက်မှာ ပထမရည်မှန်းချက် ခုနစ်ခု အောင်မြင်အောင် ကမ္ဘာ့တစ်ဝန်းလုံးက ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ASEAN Vision 2020 ကို ကြည့်မည်ဆိုလျှင်လည်း တည်ငြိမ်ပြည့်စုံပြီး လွတ်လပ်စွာ ယှဉ်ပြိုင်ခွင့်ရှိသော အာဆီယံစီးပွားရေးဒေသကြီးကို ဖန်တီးရန်၊ ကုန်စည်များ၊ ဝန်ဆောင်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများ လွတ်လပ်စွာ စီးဆင်းနိုင်စေရန်၊ တစ်ပြေးညီ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရန်နှင့် လူမှုစီးပွားရေးကွာဟချက်များ ကျဉ်းမြောင်းစေရန် ဦးတည်ထားပါကြောင်း။

စိုက်ပျိုးရေးသမဝါယမ အသင်းများသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများ လူနေမှုဘဝမြင့်မားရေး၊ သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ရေးတို့တွင် အရေးပါသော အဖွဲ့အစည်းတစ်ရပ် ဖြစ်ပါကြောင်း။

မြန်မာ့သမဝါယမ လှုပ်ရှားမှုကိုကြည့်မည်ဆိုလျှင် စိုက်ပျိုးရေးသမဝါယမများ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါသော ကဏ္ဍတစ်ခုဖြစ်သည့်အတွက် အောင်မြင်မှုရရှိအောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ အာဆီယံဒေသတွင်း စိုက်ပျိုးရေး သမဝါယမများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌လည်း ACEDAC ဘုတ်အဖွဲ့အနေဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်နေသည်ကို တွေ့ရှိပါကြောင်း၊ ထို့ကြောင့် ယခုကျင်းပသည့် အစည်းအဝေးများ အောင်မြင်စွာ ပြီးစီးစေရေးနှင့် အကျိုးဖြစ်ထွန်းစေရေးအတွက် အာဆီယံဒေသတွင်း နိုင်ငံများ ပူးပေါင်းဆောင်ရွက်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

မိမိတို့ မြန်မာနိုင်ငံ စိုက်ပျိုးရေး သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးလိုအပ်ချက်သည် အရေးကြီးကြောင်း၊ တောင်သူလယ်သမားအသင်းသားများ၏ စိုက်ပျိုးရေးတွင် လိုအပ်သော ငွေကြေးများကို သမဝါယမဝန်ကြီးဌာန၏ စီမံမှုဖြင့် ငွေစုငွေချေးလုပ်ငန်းများ ထူထောင်ဆောင်ရွက်လျက်ရှိပြီး ဗဟိုသမဝါယမအသင်းအနေဖြင့်လည်း ဆင်းရဲနွမ်းပါးမှု လျှော့နည်းပပျောက်စေရန် အသေးစား ငွေကြေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

အာဆီယံစီးပွားရေးရပ်ဝန်း (ASEAN Economic Community)၏ အဓိကအရေးပါသည့် မျှော်မှန်းချက်များကို ကြည့်မည်ဆိုလျှင်လည်း စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍများ ပူးပေါင်း ဆောင်ရွက်ရေး၊ စိုက်ပျိုးရေး သမဝါယမများ၏ ထွက်ကုန်ပစ္စည်းများ ဈေးကွက်ကျယ်ပြန့်စွာ ရရှိရေးတို့ကို မျှော်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ကြောင့် ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်များ၊ ASEAN Vision 2020 နှင့် အာဆီယံဒေသတွင်းရှိ စိုက်ပျိုးရေးသမဝါယမများ ဖွံ့ဖြိုးတိုးတက်ရေး၊ အာဆီယံစီးပွားရေးရပ်ဝန်း၏ မျှော်မှန်းချက်များ အောင်မြင်ရေးတို့အတွက် အာဆီယံနိုင်ငံ အသီးသီးက ပူးပေါင်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများသည် အာဆီယံဒေသတွင်း စိုက်ပျိုးရေး သမဝါယမများ ခိုင်မာတောင့်တင်းရေးအတွက် အင်အားတစ်ရပ်ဖြစ်မည်ဆိုသည်ကို ယုံကြည်ပါကြောင်း၊ ထို့ကြောင့် (၄)ကြိမ်မြောက် အာဆီယံစိုက်ပျိုးရေး သမဝါယမများ စီးပွားရေးဖိုရမ်၊ (၁၇)ကြိမ်မြောက်အာဆီယံစိုက်ပျိုးရေး သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဘုတ်အဖွဲ့အစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် အာဆီယံစိုက်ပျိုးရေး သမဝါယမများ ကဏ္ဍအလိုက် လုပ်ငန်းကော်မတီအစည်းအဝေးများ အောင်မြင်စွာ ကျင်းပပြီးစီးရေးနှင့် နေပြည်တော်၌ နေထိုင်စဉ်အတွင်း စိတ်ချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဦးတင်ထွတ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များသည် စုပေါင်း မှတ်တမ်းဓာတ်ပုံရိုက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ (၁၇)ကြိမ်မြောက် ACEDAC အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အမရဟိုတယ်ရှိ Majestic ခန်းမ၌ ကျင်းပရာ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကိုက အမှာစကားပြောကြားပြီး အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကာ ညနေပိုင်းတွင် ရပ်နားလိုက်သည်။

အဆိုပါ အစည်းအဝေးများကို ဇွန် ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

(၁၇)ကြိမ်မြောက် ACEDAC အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော် ဟိုတယ်ဇုန်ရှိ အမရဟိုတယ်၌ ကျင်းပစဉ်။
(သတင်းစဉ်)

ကျောက်ဖြူခရိုင်ရဲတပ်ဖွဲ့ ပညာသင်စရိတ်ထောက်ပံ့

ကျောက်ဖြူ ဇွန် ၂၈

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရဲတပ်ဖွဲ့မှူးရုံးရှိ တပ်ဖွဲ့ဝင်၊ စာရေးဝန်ထမ်းမိသားစုများ၏ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၇ ရက် မွန်းလွဲပိုင်းက ကျောက်ဖြူခရိုင်ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ဖြူခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်သန်းဦးက ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်သန်းဦးက တက္ကသိုလ်ဝင်တန်းကျောင်းသား၊ ကျောင်းသူ ခုနစ်ဦး၊ အထက်တန်း ကျောင်းသား၊ ကျောင်းသူ ငါးဦး၊ အလယ်တန်း ကျောင်းသား၊ ကျောင်းသူ ၁၁ ဦးနှင့် မူလတန်းကျောင်းသား၊ ကျောင်းသူ၊ ၁၂ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၃၅ ဦးတို့အား ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်သည်။

(အောက်ပုံ)(ကြေးမုံ)

သစ်တောသစ်ပင်ဒိုချစ်ခင် အစဉ်စိုက်ပျိုးအလှတိုး



ရှင်းလင်းတင်ပြ

ဇွန် ၈ ရက်က မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေးလုံခြုံရေးအတွက် မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအေးဆွေ လိုက်လံစစ်ဆေးရာ အမှတ်(၁)ဈေးအတွင်းရှိ အရေးပေါ် မီးသတ်ရေပန့်စက်ရုံတွင် အမှုဆောင်အရာရှိ ဦးမြင့်အောင် ရှင်းလင်းတင်ပြစဉ်။
(ဝ၀၇)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၉-၆-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၀ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅း၂၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၀ ၁၃။ အောင်မြင်ခြင်းလမ်းမ
၆း၄၀ ၁၄။ အကြင်နာလက်တစ်စုံ
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး(အပိုင်း-၂၄)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ မွေးမြူသုတ
၂၁။ ယနေ့အတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (Live) - ပါရာဂွေးနှင့်ဂျပန်(ရှုံးထွက်)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

၃၀-၆-၂၀၁၀ ရက် (ဗုဒ္ဓဟူးနေ့)

၁း၀၀ ၁။ **၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (Live) - စပိန်နှင့်ပေါ်တူဂီ (ရှုံးထွက်)**

ကြည့်ရှု စစ်ဆေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း နေပြည်တော် တပ်ကုန်းမြို့နယ် ဆင်သေကျေးရွာ အနီး ရန်ကုန်-မန္တလေးကားလမ်းမကြီး ကို ဖြတ်သန်း၍ စက်ယန္တရားများဖြင့် ရထားလမ်းမြေသားတာပေါင်များ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး စဉ်။

(သတင်းစဉ်)

နေပြည်တော်-ဆင်သေ (တပ်ကုန်း)-ပင်လောင်း ရထားလမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် - ဆင်သေ (တပ်ကုန်း)- ပင်လောင်းရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ စီမံကိန်းဒါရိုက်တာ ဦးတင်စိုးက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက အဆိုပါ ရထားလမ်းသည် နေပြည်တော်မှ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့ကို တိုက်ရိုက်ဆက်သွယ်သွားလာနိုင်သဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ရရှိစေမည်ဖြစ်ပြီး ပြည်နယ်နှင့်တိုင်းအားလုံးသည် ကွန်ရက်သဖွယ် သွားလာနိုင်မည်ဖြစ်ကြောင်း၊ နေပြည်တော်ကို ဗဟိုပြုသော ရထားလမ်းပိုင်းများကို ဖောက်လုပ်ပေးခဲ့ပြီး ယခုထပ်မံ၍ နေပြည်တော်မှ ကယားပြည်နယ် ပင်လောင်းမြို့သို့ ဖောက်လုပ်ပေးနေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် အောင်ပန်း-လွိုင်ကော်ရထားလမ်းပေါ်ရှိ သစ်ပင်ကြီး ရပ်စခန်းနေရာအား နေပြည်တော်-ပင်လောင်းလမ်းပေါ်ရှိ ဘူတာအဖြစ် တိုးမြှင့်ဆောင်ရွက်ရန်၊ ဘူတာတည်ဆောက်မည့် မြေနေရာနှင့် ဘူတာယာဒ်ဝင်းတို့ကို စက်ယန္တရားများဖြင့်မြေသားလုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် နေပြည်တော်တပ်ကုန်းမြို့နယ် ဆင်သေကျေးရွာအနီးရှိ နေပြည်တော်-ဆင်သေ(တပ်ကုန်း)-ပင်လောင်းရထားလမ်းဖောက်လုပ်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိရာ စီမံကိန်းအင်ဂျင်နီယာ ဦးဇော်မင်းဦးက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် နေပြည်တော်တပ်ကုန်းမြို့နယ် ဆင်သေကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်းမကြီးကို ဖြတ်သန်း၍ စက်ယန္တရားများဖြင့် ရထားလမ်းမြေသားတာပေါင်များ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❖ရှေ့ဖုံးမှ

မြန်မာတို့သည် သစ်ပင်သစ်တောကို ချစ်မြတ်နိုးကြသူများပီပီ "သစ်တောထိန်းသိမ်း၊ တောတွေစိမ်းမှ၊ ငြိမ်းချမ်းပြည်ရွာ၊ နိုင်ငံသာ"ဟူသည်နှင့် အညီ နိုင်ငံတစ်ဝန်းတွင် သစ်ပင်သစ်တော ပြုစုပျိုးထောင်ရေးလှုပ်ရှားမှုများ မကြာခဏ တွေ့ကြရမည်ဖြစ်သည်။ လားရှိုးမြို့၏ ရေပေးဝေမှုသည် မည်မျှကြီးပမ်းအားထုတ်ပါသော်လည်း မြို့ရေပေးဝေရေး အဓိကအားထားရာ ရေထွက်များ၊ ရေလှောင်တမံ/ဆည်များ ရေထိန်းသိမ်းနိုင်မှု လျော့ပါးနေလျှင် အချည်းအနှီး ဖြစ်ပေလိမ့်မည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)စိမ်းလန်းစိုပြည်ရေးအစီအမံဖြင့် လားရှိုးမြို့ အရှေ့တောင်ခြမ်းရှိ ရေဝေရေလဲ သစ်တောများ ဂရုတစိုက် ပြုစုထိန်းသိမ်းလျက်ရှိသည်။ ဇွန် ၁၅ ရက်က သစ်တောရေးရာဝန်ကြီးဌာန ပြည်နယ်ရုံးမှ ဦးစီးအရာရှိ ဦးအောင်ဇော်မင်း၊ မြို့နယ်ဦးစီးအရာရှိ ဦးနေမျိုးထွန်း၊ ဦးလှဦးနှင့် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ ပြည်နယ်မန်နေဂျာ ဦးဝင်းလှိုင်ဦးတို့က မြို့လူထုသောက်သုံးရေ ဖူလုံရေးအတွက် အဓိကထား တည်ဆောက်လျက်ရှိသော မကြာမီဖွင့်လှစ်တော့မည့် နမ့်ကျန်ရေလှောင်တမံ ဝန်းကျင်ရှိ ရေဝေရေလဲ သစ်တောများသို့ ရောက်ရှိ၍ သစ်တောဝန်ထမ်းများ Intensive Care (ကိုယ်တိုင်ကိုယ်ကျ သရုပ်ပြ စိုက်ပျိုးထိန်းသိမ်းခြင်း) နည်းစနစ်ဖြင့် စိုက်ဧက ၃၁ ဒသမ ၈ အနက်မှ လက်တွေ့စိုက်ပျိုးနေသော ၁၀ ဧက စိုက်ကွက်ကို ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြသည်။ အပင်ရေ ၂၀၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်းလည်း သိရသည်။

အလားတူ လင်းနို့ဂူအနီးရှိ သစ်တောမြေ ၆၃ ဧကအတွင်းရှိ လက်ရှိ စိုက်ပျိုးနေသော ၁၃ ဧကတွင် လည်းကောင်း၊ နမ့်ခိုက်ရေဝေရေလဲသစ်တော ၇ ဒသမ ၂၈ ဧကတွင် လည်းကောင်း၊ မန်အိုင်ရေထွက်ရှိ ရေဝေရေလဲ သစ်တောမြေဧရိယာ ၁ ဒသမ ၅ ဧကတွင် လည်းကောင်း၊ ဟူးမွန်ဆည် ရေဝေရေလဲဒေသရှိ သစ်တောမြေ ဧရိယာဧက ၁၅၀ ခန့်တွင် စိုက်ပျိုးထားပြီးသော ရတနာတန်းဝင် ကျွန်းပင်ရေ တစ်သောင်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုကာ ပြီးစီးမှုဆောင်ရွက်နေမှု၊ လုပ်ငန်းခွင်များသို့ ရောက်ရှိကာ မိမိတို့ သတင်းအဖွဲ့မှ လိုက်ပါလေ့လာခဲ့ကြရသည်။

သက်ရှိသတ္တဝါများ ရှင်သန်ရပ်တည်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သော ရေ လေ သဘာဝကို အကျိုးပြုအထောက်အကူပြုလျက်ရှိသော သစ်တော၏ အခန်းကဏ္ဍသည် ကြီးမားလှသည်။ "မိုးပေါ်ကရေ၊ မြေပေါ်က တော၊ မိုးရေကို ငွေလိုစု၊ ရွှေဥတဲ့တော" မည်သော စကားသည် မှန်ကန်လှသည်။ ပြီးခဲ့သော နွေလယ်ကာလများ၏ ရေအခက်အခဲများကို နိုင်ငံအနှံ့ ကြားသိပြီးဖြစ်သည်။ ဤသို့သော အခက်အခဲများကို တွေ့ကြုံစေသော အဓိကတရားခံကို မိမိတို့ မြင်မြော်သိတတ်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် မိုးရာသီတွင် မုတ်သုံမိုးနှင့်အတူ ရာသီဥတုစွတ်စိုအေးမြသော မူလသဘာဝရှိပြီး ဖြစ်ပါသည်။

သို့ဖြစ်ရာ ရာသီဥတုကို အမှီပြု၍ မိမိတို့၏ဝန်းကျင်၊ မိမိတို့၏ရေမြေသဘာဝအလှအပများ ထာဝရရှင်သန်ဖွံ့ဖြိုးစေရေးသည် တာဝန်သိပြည်သူတစ်ရပ်လုံး၏ နှလုံးတွင် ကိန်းအောင်းနေစေရန် လိုအပ်ပါသည်။ သစ်ပင်စိုက်ပျိုးပွဲများမှတစ်ဆင့် စိုက်လိုက်သည့် စားပင်၊ သီးပင်၊ အရိပ်ရပင်၊ အဖိုးတန် နှစ်ရှည်ပင်များသည်လည်း တစ်ပင်စိုက် တစ်ပင်ရှင်သန်လာစေဖို့ အလေးထားကြရမည်ဖြစ်သည်။

ထို့ပြင် ကျွန်းကဲ့သို့ ရတနာတန်းဝင် သစ်များအပါအဝင် သစ်တောသစ်ပင်များသည် နိုင်ငံ့စီးပွားရေးအတွက် အားထားရသည်။ လူတို့အတွက် ညီညွတ်မျှတမှုနှင့် သားငှက်တိရစ္ဆာန်ဇီဝမျိုးစုံဂေဟစနစ်မှန်ကန်မှုကိုလည်း အကျိုးပြုနေပေရာ သစ်တောပြုစုထိန်းသိမ်းရေးသည် သစ်တောရေးရာဝန်ကြီးဌာနတွင်သာမက တာဝန်သိ အများပြည်သူတွင်လည်း တာဝန်ရှိပါကြောင်း မှတ်တမ်းပြု ရေးသားရပါသည်။ ။

ရေဝေရေလဲဒေသ သစ်တောများ မပြုန်းတီးစေရန် ပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ်။

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း သွားလာလျက်ရှိသည့် အချို့မော်တော်ယာဉ်များသည် ယာယီနံပါတ်အမျိုးမျိုးအား တပ်ဆင်သွားလာလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထိုသို့သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ်ခွင့်ပြုကာလ နှစ်လ၊ လေလံနံပါတ် ခွင့်ပြုကာလ သုံးလကိုသာ တပ်ဆင်၍ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ သွားလာကြရန်နှင့် သတ်မှတ်ထုတ်ပေးထားခြင်းမရှိသော ယာယီနံပါတ်များ တပ်ဆင်မောင်းနှင်နေခြင်းအား စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

လက်မှတ်ရ အဆင့်မြင့် မြေတိုင်းသင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၂၈

CONCORDIA Int'l Co., Ltd. က လက်မှတ်ရ အဆင့်မြင့် မြေတိုင်းသင်တန်း (၉/၂၀၁၀)ကို ဇူလိုင် ၅ ရက်မှ ၁၄ ရက်အထိ လည်းကောင်း၊ GPS & Google Earth Software လက်တွေ့အသုံးချနည်းသင်တန်းကို ဇူလိုင် ၁၅ ရက်မှ ဇူလိုင် ၁၇ ရက်အထိ လည်းကောင်း နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြို့ရှိ CONCORDIA သင်တန်းခန်းမ၌ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် မြေတိုင်းသင်တန်းနှင့်ပတ်သက်သော Total Station၊ လက်တွေ့အသုံးချ တိုင်းတာနည်း (Construction Survey Topo Survey Differential GPS နောက်ဆုံးပေါ် RTK ဖြင့် လက်တွေ့တိုင်းတာခြင်း)၊ Handheld GPS လက်တွေ့တိုင်းတာခြင်းများနှင့် Google Earth Software လက်တွေ့ အသုံးချနည်းနှင့်ပတ်သက်သော GPS Downloading and Processing to Garmin Mapsource & Google Earth Software၊ မိမိတိုင်းတာထားသော Data များအား Map Source Software နှင့် Google Earth Software တို့၌ Download နှင့် Processing များ ပြုလုပ်ခြင်းများကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

ယခုဖွင့်လှစ်မည့် မြေတိုင်းသင်တန်းနှင့် Google Earth လက်တွေ့အသုံးချနည်း သင်တန်းကို ဇွန် ၂၉ ရက်မှစတင်၍ သင်တန်းသားများ လက်ခံပြီး အခြေခံပညာအထက်တန်းသို့မဟုတ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရန်ကုန်မြို့ ရွှေဂုံပလာဇာ ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် Concordia Int'l Co.,Ltd. (၃)လွှာနှင့် (၅)လွှာ ဖုန်း - ၀၁ - ၅၄၄၈၂၄၊ ၅၄၉၄၄၄၊ ၅၅၈၁၇၀၊ ၅၄၀၀၂၆ နှင့် ၀၉-၅၀၀၅၉၁၂၊ ဖက်စ်-၅၄၄၁၉၉ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

☆ ကျောဖုံးမှ

တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်၊ ဒုတိယတိုင်းမှူး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဆေးရုံအုပ်ကြီးတို့က အမွှေးနံ့သာရည် ပက်ဖျန်းကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များသည် အရိုးအထူးကုဆေးရုံသစ်ကြီးရှိ လူနာစမ်းသပ်ခန်း၊ ဆရာဝန်အခန်း၊ သူနာပြုအခန်း၊ စာကြည့်ခန်း၊ ဓာတ်ခွဲခန်းများ၊ X-ray ဓာတ်မှန်စက်များ တပ်ဆင်ထားရှိမှု၊ အထူးခန်းများ၊ လူနာကုသခန်းများ၊ ဆေးသိုလှောင်ခန်းများ၊ ခွဲစိတ်ခန်းမများတွင် စက်ကိရိယာများ တပ်ဆင်ထားရှိမှု၊ အထူးကြပ်မတ်ကုသခန်း ပြင်ဆင်ဖြည့်ဆည်းထားရှိမှုများနှင့် လူနာကုသဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ဆေးရုံအုပ်ကြီးဒေါက်တာညွှန့်လှိုင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြသည်။

ဖွင့်လှစ်ခဲ့သည့် မန္တလေး အရိုးအထူးကုဆေးရုံကြီးကို နိုင်ငံတော်က အကုန်အကျခံကာ ဆောက်လုပ်ခဲ့ပြီး ယခုအခါတွင် ပြည်သူလူထုအား ထိရောက်သော ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ပြီ ဖြစ်သည်။

ဆက်လက်၍တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် နံနက် ၉ နာရီတွင် ချမ်းအေးသာစံမြို့နယ် ရန်မျိုးလုံရပ်ကွက် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်း၌ မြို့နယ် ကျန်းမာရေးဦးစီးဌာန အခမဲ့ဆေးကုသရေးအဖွဲ့၏ လူနာမှတ်တမ်းနှင့် ဆေးမှတ်တမ်းဆောင်ရွက်နေမှု၊ အထွေထွေရောဂါ စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ သွားနှင့်ခံတွင်းကုသပေးနေမှု၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါ စမ်းသပ်စစ်ဆေးကုသပေးနေမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးအားပေးကြပြီး လာရောက်ကုသမှု ခံယူကြသော လူနာများအား ရင်းနှီးစွာ နှုတ်ဆက်၍ တိုင်းမှူးနှင့် မြို့တော်ဝန်တို့က မျက်မှန်လိုအပ်သော လူနာများအား မျက်မှန်များကို အခမဲ့ တပ်ဆင်ပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးမြို့ အရိုးအထူးကုဆေးရုံသစ်ကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး သူရဦးအေးမြင့် ၂၀၁၀ခုနှစ်(၁၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲ အမျိုးသားပြိုင်ပွဲတွင် ပထမ ရရှိသော ရန်ကုန်တိုင်းအသင်းအား တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။(သတင်း-ဖော်ပြပြီး)
(ကရာတေးဒိုအဖွဲ့ချုပ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ(၆/၂၀၁၀) အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ (၆/၂၀၁၀) အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ စာပေဗိမာန် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ ဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)နှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)၊ တွဲဖက်အတွင်းရေးမှူးများနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် ဦးတင်ခ(တက္ကသိုလ်တင်ခ)က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးအောင်သိန်းဝင်း (မောင်ခိုင်ခန့်)က ဆောင်ရွက်ကာ သဘာပတိဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)က ယခင် (၅/၂၀၁၀)အစည်းအဝေးမှ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို တင်ပြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီအသီးသီးမှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြကြပြီး တက်ရောက်လာကြသော ဗဟိုအမှုဆောင် ကော်မတီဝင်များက အကြံပြုဆွေးနွေးကြသည်။

ထို့နောက် သဘာပတိ ဦးတင်ခ (တက္ကသိုလ်တင်ခ)ကနိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မအူပင်မြို့ ကရုဏာအသင်းသို့ အလှူငွေ ပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၂၈

မအူပင်မြို့ ကရုဏာလူမှုကူညီရေးအသင်းသို့ မအူပင်မြို့ ဘုရားလမ်းနေ ဦးဝမ်စိမ်း-ဒေါ်ခင်ခင်၊ သမီး မနှင်းဝေလွင်၊ မယုယုခိုင်မိသားစုတို့က ငွေကျပ်ငါးသိန်းနှင့် ဆေးခန်းအထောက်အကူပြုပစ္စည်းများကို ဇွန် ၁၉ ရက် နံနက် ၁၀ နာရီတွင် အသင်းရုံး၌ ပေးအပ်လှူဒါန်းရာ အသင်းဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးနှင့် အလုပ်အမှုဆောင်အဖွဲ့က လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါလှူဒါန်းငွေကို အသင်းသွေးလှူဒါန်းမှုလုပ်ငန်း၊ အခမဲ့ဆေးခန်း၊ အောက်ဆီဂျင်ငှားရမ်းမှု၊ မျက်စိခွဲစိတ်မှု၊ ခြင်ဆေးပက်ဖျန်းမှုစသည့် လူမှုရေးလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မော်တော်ယာဉ်နှင့် နေထိုင်မှုဆိုင်ရာပြပွဲ ပေါ်ပြူလာပလတ်စတစ်စက်မှုလုပ်ငန်း ပါဝင်ပြသ

ရန်ကုန် ဇွန် ၂၈

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မော်တော်ယာဉ်နှင့် နေထိုင်မှုဆိုင်ရာပြပွဲကို တတိယမြောက်နေ့အဖြစ် ဇွန် ၂၈ ရက်တွင် ပြသရာ ပြပွဲတွင် မော်တော်ယာဉ်နှင့် လူနေမှုဆိုင်ရာ ပြခန်းများကို စိတ်ဝင်စားဖွယ်ရာ ခင်းကျင်းပြသလျက်ရှိသည်။ ပြပွဲလာပရိသတ်များအတွက် ထူးကုမ္ပဏီလက်အောက်ရှိ Auren Palace Hotels-Resorts မှ စားသောက်ဖွယ်ရာများကို အဖိုးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

ပြပွဲတွင် Popular Plastic Industry Group မှ စက်မှုလုပ်ငန်းကို အခြေခံသည့် လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်ရောင်းချပေးလျက်ရှိသည်။ SOGO PVC DOOR သည် PVC တံခါးထုတ်လုပ်မှုတွင် မြန်မာနိုင်ငံ၌ SOGO မှစတင်၍ ပထမဦးဆုံး ထုတ်လုပ်ခြင်းဖြစ်သည်။

SOGO ငွေရေစက်သည် ကိုယ်တိုင်ထုတ်လုပ် တပ်ဆင်ခြင်းဖြစ်သဖြင့် နိုင်ငံခြားမှ တင်သွင်းသော ငွေရေစက်များထက် လေးငါးဆခန့် သက်သာခြင်း၊ ပစ္စည်းအရည်အသွေးကောင်းမွန်သဖြင့် ပုဂ္ဂလိက ဘဏ်များမှ ယုံကြည်စိတ်ချစွာ ဝယ်ယူအသုံးပြုလာခြင်း၊ အာမခံချက် အပြည့်အဝပေးထားခြင်းစသည့် အရည်အသွေးများကြောင့် ကာလတိုအတွင်း မြန်မာနိုင်ငံတစ်လွှား၌ ဝယ်ယူအားပေးမှုကို ရရှိထားသည်။

ထို့အပြင် ပြည်ပသွင်းကုန်အစားထိုးလုပ်ငန်းအဖြစ် ၂၀၀၂ ခုနှစ်တွင် SOGO Electrical Industry ကို စတင်တည်ထောင်ပြီး SOGO မီးခလုတ်အမျိုးမျိုး၊ ပလပ်အမျိုးမျိုး၊ ဆော့ကက်အမျိုးမျိုးနှင့် Breaker Box စသည့် လျှပ်စစ်ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ SOGO မီးခလုတ်များသည် ပြည်တွင်းဈေးကွက်တွင် အကြီးဆုံးလုပ်ငန်းတစ်ခုဖြစ်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်ရောင်းချလျက်ရှိသည်။

SOGO Pipe စက်ရုံကို ၂၀၀၇ ခုနှစ်တွင် စတင်တည်ထောင်ပြီး ပြည်တွင်းလိုအပ်လျက်ရှိသော PVC Pipe များကို ½″ မှ 12″အထိအရွယ်အစားအမျိုးမျိုး၊ Class 5 မှ 13.5အထိ အထူအပါးအမျိုးမျိုးခွဲ၍ ထုတ်လုပ်လျက်ရှိသည်။ ပိုက်များမှာ ခိုင်မာတောင့်တင်းခြင်း၊ ရာသီဥတု အပူဒဏ်ခံနိုင်ခြင်း၊ ကျန်းမာရေး မထိခိုက်အောင် နည်းပညာအသုံးပြုထားခြင်း၊ ဈေးနှုန်းချိုသာခြင်းစသည့် အရည်အသွေးများကြောင့် မြန်မာနိုင်ငံ၌ ဝယ်ယူအားပေးမှုများလျက်ရှိသည်။ ထို့အပြင် Trunking ပြားများ၊ PVC တံခါးများကို ထုတ်လုပ်လျက်ရှိသည်။ PVC Liminate အခင်းပြားများကိုပါ ဆက်လက်ထုတ်လုပ်မည်ဖြစ်သည်။

SOGO ငွေရေစက်များကို အခန်းအမှတ်(F/19-20) အောင်ဆန်းကွင်း အနောက်ဘက်တန်း မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း-၃၉၄၈၂၀၊ ၃၈၄၆၂၃ တို့တွင်လည်းကောင်း၊ Plastic လူသုံးကုန်ပစ္စည်းများကို B-01-03 လမ်းမတော်ပလာဇာ ဖုန်း-၂၁၂ ၉၀၀၊ ၂၂၁၈၃၂ တို့တွင်လည်းကောင်း၊ SOGO PVC DOOR များကို အခန်း(၁၁-၁၂)အဆောင်(၁၁၅) ကျောက်စိမ်း(၆)လမ်း စော်ဘွားကြီးကုန်းဝင်းအင်းစိန် ဖုန်း-၆၄၄၅၂၇ တို့တွင် လည်းကောင်း၊ မန္တလေး၊ နေပြည်တော်၊ မကွေးတို့တွင်လည်းကောင်း ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



မော်တော်ယာဉ်နှင့် နေထိုင်မှုဆိုင်ရာပြပွဲတွင် ပါဝင်ပြသသည့် ပေါ်ပြူလာပလတ်စတစ် စက်မှုလုပ်ငန်းပြခန်းကို တွေ့ရစဉ်။
(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၆-၂၀၁၀ (အင်္ဂါနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ မေတ္တာသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ "ဆင်းရဲခြင်းလွတ်ကင်းအောင်" တရားတော် (ဆရာတော်အရှင်ဝီရိယ)
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၃၁)**
- ၈း၃၀ Activities In The City - nexus ဆိုသည်မှာ - အမျိုးသမီးဆရာဝန်များအဖွဲ့ (ရန်ကုန်)၏ကျန်းမာသော လူမှုဘဝနေထိုင်မှုပုံစံ
- ၈း၅၀ နွေးထွေးမှုတို့ဖြင့် ဟိုင်းကြီးဒေသဆီသို့. . . (အပိုင်း-၁)
- ၉း၁၀ အင်အားအပြည့်နှင့် ရှင်သန်လျက်ရှိသော
- ၉း၃၀ Cartoon Show Time (ROBOTS)
- ၁၀း၁၀ ကြိုတင်ကာကွယ်ပါ သွေးလွန်တုပ်ကွေးရောဂါ [ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ)]
- ၁၀း၄၀ သင်ကြားရေးလမ်းညွှန် (G.E.S.C တရုတ်ဘာသာစကားသင်တန်းကျောင်း)
- ၁၀း၅၅ စင်မြင့်ပေါ်မှ စတုတ္ထအကြိမ်မြောက် ဆုနှင်းသဘင်
- ၁၁း၁၅ ဘဝများ (ငိုခြင်းမဲ့မျက်လုံးများ Tearless Eyes)
- ၁၁း၃၀ စားသုံးသူတို့လိုအပ်ချက် ရေတာရှည်သကြားစက်
- ၁၁း၅၀ ပတ္တမြားမြေမှ လေ့လာဖွယ်ရာများနှင့် တစ်မူထူးခြားထာပွဲများ
- ၁၂း၁၀ သစ်ခွ
- ၁၂း၃၀ စိတ်ကူးရေးခြယ် ဆေးရေးပန်းချီအထည်
- ၁၂း၄၅ ပိတုန်းရောင် ကေသာဦးအတွက်. . .
- ၁း၀၀ "ဆင်းရဲခြင်းလွတ်ကင်းအောင်" တရားတော် (ဆရာတော်အရှင်ဝီရိယ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ Fashion Music Festival (Romantic Couple-2)
- ၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၃၁)**
- ၄း၀၅ မိုးအလှပန်းချီတေးကိုသီ
- ၄း၁၅ စင်မြင့်ပေါ်မှ စတုတ္ထအကြိမ်မြောက် ဆုနှင်းသဘင်
- ၄း၃၅ ရန်ကုန်မြင်ကွင်းကျယ် (Naing Group ၏ ထူးခြားဆန်းသစ်ရွှေရောင်နှစ် 2010 အရောင်းမြှင့်တင်ရေး အစီအစဉ်)
- ၄း၅၀ နွေးထွေးမှုတို့ဖြင့် ဟိုင်းကြီးဒေသဆီသို့. . . (အပိုင်း-၁)
- ၅း၁၀ Activities In The City - nexus ဆိုသည်မှာ - အမျိုးသမီးဆရာဝန်များအဖွဲ့ (ရန်ကုန်)၏ကျန်းမာသော လူမှုဘဝနေထိုင်မှုပုံစံ
- ၅း၃၀ Celebrity Style (ခင်ဘုဏ်း)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ပတ္တမြားမြေမှ လေ့လာဖွယ်ရာများနှင့် တစ်မူထူးခြားထာပွဲများ
- ၆း၄၀ ဘဝများ (ငိုခြင်းမဲ့မျက်လုံးများ Tearless Eyes)
- ၆း၅၅ Fashion Music Festival (Romantic Couple-2)
- ၇း၃၅ သင်ကြားရေးလမ်းညွှန် (G.E.S.C တရုတ်ဘာသာစကားသင်တန်းကျောင်း)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Cartoon Show Time (ROBOTS)
- ၉း၁၀ Celebrity Style (ခင်ဘုဏ်း)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၃၁)**
- ၁၀း၀၀ Sunday Talk
- ၁၀း၅၅ အင်အားအပြည့်နှင့် ရှင်သန်လျက်ရှိသော
- ၁၁း၁၅ Sports World
- ၁၁း၄၀ နောက်မကျရအောင် (မင်းသူ၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)
- ၁၁း၅၀ World Of Knowledge (Darwin's Lost Voyage)
- ၁၂း၄၀ ကဏ္ဍစုံလင်အားကစား အစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကားလမ်းသစ် လုပ်ငန်းများ စစ်ဆေး

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား (မကွေး) ကားလမ်းသစ်တွင် လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(ဆောက်လုပ်ရေး)

နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) ကားလမ်းသစ် ကတ္တရာလမ်းအဆင့် ဖောက်လုပ်မည့်လုပ်ငန်းများ ဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)ကားလမ်း မိုင်တိုင်အမှတ် (၁၂/၀)မှ (၁၇/၄)အထိ (၅/၄)မိုင်ကို လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၅)က စက်ယန္တရားများဖြင့် လေးလမ်းသွားကားလမ်း တိုးချဲ့ခြင်းနှင့် ဒုအခြေခံလွှာ ကျောက်ခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ကျွဲရှင်းတံတား ယာဉ်လေးလမ်းသွား အသစ်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၃)မှ လက်ထောက်အင်ဂျင်နီယာ ဒေါ်ခင်ဝင်းလှက လေးလမ်းသွားတံတားသစ် တည်ဆောက်နေမှုကို လည်းကောင်း၊ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၅)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသန်းတိုးအောင်က နေပြည်တော် မိုင်တိုင်အမှတ် (၁၂/၀)မှ (၁၇/၄) အထိ (၅/၄)မိုင်အား လေးလမ်းသွားကားလမ်း တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက စံချိန်စံညွှန်းပြည့်မီပြီး သတ်မှတ်ကာလထက် စောပြီးစေရေး နေ့/ည ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ကျွဲရှင်းတံတား လေးလမ်းသွားအသစ် တည်ဆောက်နေမှုလုပ်ငန်း အခြေအနေများကို ရှင်းလင်းဆောင်မှ ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) ကားလမ်းသစ် မိုင်တိုင်အမှတ် (၀/၀) မှစ၍ ကားလမ်းသစ်တစ်လျှောက် စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ လမ်းအနိမ့်အမြင့်ဖြေခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မိုင်တိုင်အမှတ် (၂၀/၁)နှင့် (၂၀/၂)အကြားတွင် စက်ယန္တရားများဖြင့် တောင်ဖြိုခြင်း၊ မြေများဖြတ်ထုတ်ခြင်း၊ လမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၃၁/၀)ရှိ ရွှေဘုံသာလမ်းစခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

ရှင်းလင်းဆောင်၌ မကွေးတိုင်း အင်ဂျင်နီယာမှူးကြီးက နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား-(မကွေး) ကားလမ်းသစ်(၁၀၇/၂)မိုင်အား လမ်းအထူးအဖွဲ့နှစ်ဖွဲ့၊ ခရိုင်အဖွဲ့လေးဖွဲ့နှင့် ကုမ္ပဏီအဖွဲ့ ၁၁ ဖွဲ့ စုစုပေါင်း ၁၇ ဖွဲ့တို့ဖြင့် လုပ်ငန်းများအပိုင်းလိုက်ခွဲ၍ ဆောင်ရွက်နေမှုနှင့် စက်ယာဉ်ယန္တရားများ အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး အင်ဂျင်နီယာချုပ် ဦးဝင်းဖေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) ကားလမ်းသစ်ကို လမ်းသား အကျယ် ၃၄ ပေ၊ ကတ္တရာလမ်းအကျယ် ၁၂ ပေ၊ လမ်းပခုံးတစ်ဖက်လျှင် သုံးပေစီ ဆောင်ရွက်သွားရန်၊ လမ်းဘေးဝဲ၊ ယာ ရေနုတ်မြောင်းများ ဖောက်လုပ်ပေးရန်၊ လမ်းကိုကျယ်ရန်၊ ဖြောင့်ရန်၊ အနိမ့်အမြင့်ပြေရန်နှင့် ကတ္တရာလမ်းအဆင့်ထိ ဆောင်ရွက်ရမည်ဖြစ်ရာ ယင်းအဖွဲ့ ၁၇ ဖွဲ့အား တာဝန်ပေးအပ်ထားသည့်အတိုင်း မိမိလုပ်ငန်းများအပေါ် စေတနာထားပြီး နေ့/ညဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သုံးခွမြို့နယ် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၈

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သုံးခွမြို့နယ် သစ်တောဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၆ ရက် နံနက် ၇ နာရီခွဲတွင် သုံးခွမြို့နှင့် ခရမ်းမြို့ လမ်းမကြီးဝဲ၊ ယာတို့၌ ကျင်းပသည်။

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် သုံးခွမြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မညိုနှင့်အဖွဲ့ဝင်များ၊ သုံးခွမြို့နယ် သစ်တောဦးစီးဌာန သုံးခွနယ်မြေ တာဝန်ခံ တောအုပ်ကြီး ဦးစိုးမြင့်သန်းနှင့် နယ်မြေခံဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်ပျိုးပင် စုစုပေါင်း အပင် ၅၀၀ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပဏာမ ယူ- ၂၃ အသင်းက ပဏာမလက်ရွေးစင်အသင်းကို ဂိုးပြတ်အနိုင်ရ

ရန်ကုန် ဇွန် ၂၈

၂၀၁၀ ခုနှစ် ဇူလိုင် ၂ ရက်နှင့် ၄ ရက်တို့တွင် စင်ကာပူ အိုလံပစ်အသင်းနှင့် ခြေစမ်းပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသော ပဏာမလက်ရွေးစင်အသင်းနှင့် ပဏာမ ယူ-၂၃ အသင်းတို့သည် ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်းတွင် ခြေစမ်းကစားရာ ပဏာမ ယူ-၂၃ အသင်းက သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။

ပဏာမ ယူ-၂၃ အသင်း - သုံးဂိုး

(ပြည့်ဖြိုးဦး၊ စိုးမင်းဦးနှင့် မိုင်းအိုက်နိုင်-တစ်ဂိုးစီ)

ပဏာမလက်ရွေးစင်အသင်း - ဂိုးမရှိ

ဒိုင်လူကြီး - ဦးလှမင်း

ခြေစမ်းပွဲဖြစ်သော်လည်း ပဏာမ ယူ-၂၃ အသင်းမှာ လျင်လျင်မြန်မြန်ဖြင့် ခြေစွမ်းပြကစားကာ ဂိုးပြတ် အနိုင်ရသွားခြင်းဖြစ်သည်။ ပဏာမ ယူ-၂၃ အသင်းမှာ ပဏာမလက်ရွေးစင်အသင်းထက် ကစားပုံပိုကောင်းခဲ့သလို ဂိုးသွင်းခွင့်များလည်း ပိုမိုရရှိခဲ့သည်။ ပဏာမလက်ရွေးစင်အသင်းတွင် နာမည်ကြီးကစားသမားများဖြစ်သည့် ရန်ပိုင်၊ လွင်ဦး၊ ခင်မောင်ထွန်း၊ ဇော်လင်းထွန်း-၂ စသည့် ကစားသမားများ ပါဝင်ခဲ့သော်လည်း ထင်သလောက် အတွဲမမိခဲ့သလို ခြေစွမ်းပြကစားနိုင်ခြင်း မရှိခဲ့ပေ။ တစ်ဂိုးရှုံးနေချိန်တွင် ပဏာမလက်ရွေးစင်အသင်း ချေပဂိုးရရှိရန် အခွင့်အရေးရရှိခဲ့သော်လည်း တိုက်စစ်မှူး ရန်ပိုင် အသုံးမချနိုင်၍ နစ်နာခဲ့ရသည်။

ပဏာမ ယူ-၂၃ အသင်းမှ ရဲဝေယံစိုး၏ ထိုးဖောက်မှုကို လက်ရွေးစင်နောက်ခံလူ နီမောင်မောင်အောင် ဟန့်တားစဉ်။

တိုက်စစ်ဆင်

ပဏာမ ယူ-၂၃ အသင်းမှာ ပဏာမလက်ရွေးစင်အသင်း၏ အထနှေးမှုကို အခွင့်ကောင်းယူကာ အမြန်နှုန်းတင်ကာ တိုက်စစ်ဆင်ကစားခဲ့သည်။ ၂၃ မိနစ်တွင် ပဏာမ ယူ-၂၃ အသင်း ဂိုးစရခဲ့ပြီး ရန်အောင်ဝင်း၏ ဖြတ်တင်ဘောမှတစ်ဆင့် ပြည့်ဖြိုးဦးက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်ပြီး ယင်းဂိုးဖြင့် ပထမပိုင်းအပြီးတွင် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် ပဏာမလက်ရွေးစင်အသင်း ခြေပဂိုးရရှိရန်ကြိုးစားသော်လည်း ပဏာမ ယူ-၂၃ အသင်းက အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့ပြီး အနိုင်ဂိုးများကို ၆၆ မိနစ်တွင် စိုးမင်းဦးက ဒုတိယဂိုး၊ ၇၉ မိနစ်တွင် မိုင်းအိုက်နိုင်က တတိယဂိုးတို့ကို သွင်းယူခဲ့သည်။

ပါဝင်ကစား

ပဏာမ ယူ-၂၃ အသင်းမှာ ဂိုး-သီဟစည်သူ(ဇာနည်မင်း)၊ နောက်တန်း-ရန်အောင်ဝင်း(ကျော်ကျော်မျိုး)၊ အေးဆန်း၊ မင်းမင်းသူ(ဆန်းမင်း)၊ ရွှေလိှုင်ဝင်း(နိုင်လင်းထွန်း) (ထွန်းလင်းအောင်)၊ အလယ်တန်း-လှအေးထွေး(ကျော်ဇေယျာဝင်း)၊ ရန်အောင်ကျော်(တင်ဝင်းအောင်)၊ ပြည့်ဖြိုးဦး(သိန်းသန်းဝင်း)၊ အောင်မြင့်အေး(နိုင်နိုင်လင်း)(ရဲဝေယံစိုး)၊ ရာဇာဝင်းသိန်း(စိုးမင်းဦး)(ခိုင်ဇော်ထွန်း)၊ ရှေ့တန်း-ကျော်ကိုကို(မိုင်းအိုက်နိုင်)တို့ ပါဝင်ကစားခဲ့ပြီး ပဏာမလက်ရွေးစင်အသင်းမှာ ဂိုး-ဇာနည်မင်း(ကျော်ဇင်ထက်)၊ နောက်တန်း-ခင်မောင်ထွန်း၊ ဇော်လင်းထွန်း(ကျော်ခိုင်ဝင်း)၊ ငွေအောင် (ဝင်းမင်းထွန်း)၊ မင်းသူ(နီမောင်မောင်အောင်)၊ အလယ်တန်း-လွင်ဦး(ဇော်ထက်အောင်)၊ အောင်ကျော်မိုး၊ မျိုးမင်းထွန်း(ခင်မောင်လွင်)၊ နိုင်ဦးလွင်၊ ရှေ့တန်း-ရန်ပိုင်(သက်နိုင်)နှင့် ကျော်သူရတို့ ပါဝင်ကစားခဲ့ကြသည်။

(ကြေးမုံ)

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သုံးခွမြို့နယ်သစ်တောဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို သုံးခွမြို့နှင့် ခရမ်းမြို့ လမ်းမကြီး ဝဲ၊ ယာတို့၌ ကျင်းပစဉ်။ (သတင်းစဉ်)

သစ်တောနဲ့ သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် မြို့ပြ ကျေးလက်ကတ္တရာလမ်း ရှစ်လမ်း၊ ကျောက်ချောလမ်း ခြောက်လမ်း စုစုပေါင်း လမ်းပေါင်း ၁၄ လမ်း အရှည်ပေပေါင်း ၂၃၄၃၉ တို့အား ဆောင်ရွက်ရန်အတွက် စီစဉ်ထားရှိမှုကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းအောင်၊ အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်မြင့်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အထက်မင်းလှအသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇွန် ၂၈

အထက်မင်းလှမြို့နယ်အသင်း(ရန်ကုန်)၏ အလှူပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် မင်းလှဓမ္မရိပ်သာ (ဗဟန်းဈေးအနီး) ၌ ကျင်းပမည်ဖြစ်သည်။ အသင်းသူ၊ အသင်းသားများနှင့် လှူဒါန်းလိုသူများ ဇူလိုင် ၄ ရက် နောက်ဆုံးထား၍ ဦးစံမြင့် ဖုန်း-၂၂၆၂၈၁၊ ဦးလှတင့် ဖုန်း-၇၂၆၈၆၆၊ ဦးဘိုမောင် ဖုန်း-၇၃၀၃၉၈၇၀ တို့ထံ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

○ ကျောဖုံးမှ

မြန်မာ့သစ်လုပ်ငန်းမှ ဆင်ဖမ်းအဖွဲ့များက ရှာဖွေဖမ်းဆီးခဲ့ရာ ဇွန် ၂၆ ရက် ညနေ ၄ နာရီ ၂၅ မိနစ်ခန့်တွင် ဆင်ဖြူတော်တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း၊ ယင်းဆင်ဖြူတော်မှာ အသက် (၃၈)နှစ်ခန့်ရှိ ဆင်မဖြစ်ပြီး အရပ် ခုနစ်ပေ လေးလက်မရှိကာ လုံးပတ်မှာ ၁၀ ပေ ၁၁ လက်မရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်အတွင်း ဖမ်းဆီးရမိသည့် ဆင်ဖြူတော်ကို တွေ့ရစဉ်။
(သတင်းစဉ်)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဇွန် ၂၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၈၀ လက်မ၊ ကော့သောင်းမြို့တွင် ၂ ဒသမ ၃၇ လက်မ၊ မှော်ဘီမြို့တွင် ၂ ဒသမ ၁၆ လက်မ၊ ရေးမြို့တွင် ၁ ဒသမ ၈၅ လက်မနှင့် ပေါင်မြို့တွင် ၁ ဒသမ ၇၇ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇွန် ၂၉ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ဆလိုဗက်ကီးယားကို ခက်ခက်ခဲခဲကစားပြီး နယ်သာလန် ကွာတားတက် မက္ကဆီကိုအားနိုင်သည့် အာဂျင်တီးနား ကွာတားတွင် ဂျာမနီနှင့်တွေ့မည်

ဝင်းတင် (ကြေးမုံ)

အဆင်အပြင် - ကိုမင်း

ဂျိုဟန်နက်စဘတ် ဇွန် ၂၈

၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ၁၆သင်းရှုံးထွက်အဆင့်ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ နယ်သာလန်က ဆလိုဗက်ကီးယားကို နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ပြီး ကွာတားဖိုင်နယ် တက်ရောက်နိုင်ခဲ့ပြီဖြစ်ပါတယ်။

နယ်သာလန် ၂-၁ ဆလိုဗက်ကီးယား

နယ်သာလန်ဟာ ဒီပွဲမှာ တောင်ပံကစားသမား ရော်ဘင်ကိုပွဲထုတ်ခဲ့ပြီး စတီကလင်းဘတ်၊ ဟိုင်တင်ဂါ၊ ဘရွန်ခရော့စ်၊ ဗန်ဒါဝီလ်၊ ဒီဂျုန်း၊ ရှနိုက်ဒါ၊ ဘွန်မဲလ်၊ ဒရက်ကောက်၊ ဗန်ပါစီတို့ ပထမပွဲထွက်လူစာရင်းမှာ ပါဝင်ခဲ့ပြီး ဆလိုဗက်ကီးယားကလည်း ဟန်ဆစ်၊ စကာတယ်၊ ဒူရီကာ၊ ဗစ်တက်ခ်၊ ဝှစ်၊ ဇာဘာနစ်၊ စတော့ချ် စတဲ့ အဓိကကစားသမားများ ပါဝင်ခဲ့ပါတယ်။

ဆလိုဗက်ကီးယားဟာ နယ်သာလန်ကိုရှိန်ပြီး ခံစစ်အသွင်နဲ့ မကစားဘဲ ပြန်လည်တိုက်စစ်ဆင်ခဲ့တာကြောင့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပါတယ်။ ပထမပိုင်း ပွဲချိန် ၁၈ မိနစ်မှာ ရော်ဘင်က သူ့ရဲ့ကန်နေကျဟန်အတိုင်း ဂိုးစည်း အပြင်ကနေ ဘယ်ခြေနဲ့ကန်သွင်းပြီး နယ်သာလန်အတွက် ဦးဆောင်ဂိုးကို ရစေခဲ့ပါတယ်။ ဒုတိယပိုင်းပွဲချိန် ၆၇ မိနစ်မှာ ဆလိုဗက်ကီးယားတိုက်စစ်မှူး ဗစ်တက်ခ်ဂိုးနဲ့ အနီးကပ်ကန်ခွင့်ရခဲ့ပေမယ့်နယ်သာလန်ဂိုးသမား အကောင်းဆုံး ကာကွယ်နိုင်ခဲ့ပါတယ်။ ပွဲချိန် ၈၄ မိနစ်မှာ ရှနိုက်ဒါက နယ်သာလန်အတွက် ဒုတိယဂိုးသွင်းယူခဲ့ပြီး မိနစ် ၉၀ မှာ ဆလိုဗက်ကီးယား ပယ်နယ်တီကန်ခွင့်ရခဲ့ကာ ဗစ်တက်ခ်က အမှားအယွင်းမရှိ ကန်သွင်းပြီး ချေပဂိုးတစ်ဂိုး ရယူခဲ့တာကြောင့် ပွဲအပြီးမှာ နယ်သာလန်က နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့ပါတယ်။ ဒီပွဲရဲ့ အကောင်းဆုံးကစားသမားဆုကို နယ်သာလန်အသင်းမှ ရှနိုက်ဒါ ရရှိသွားပါတယ်။

အာဂျင်တီးနား ၃-၁ မက္ကဆီကို

၁၆ သင်းရှုံးထွက်ပွဲစဉ်အဖြစ် အာဂျင်တီးနားနဲ့ မက္ကဆီကိုတို့ တနင်္လာနေ့ နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အာဂျင်တီးနားက သုံးဂိုး - တစ်ဂိုးနဲ့ အနိုင်ရခဲ့ပါတယ်။ အာဂျင်တီးနားအတွက် ဂိုးများကို ပွဲချိန် ၂၆ မိနစ်နဲ့ ၅၂ မိနစ်မှာ တီဗက်ဇ်နဲ့ ၃၃ မိနစ်မှာ ဟီဂွါရင်တို့က သွင်းယူပေးခဲ့ပြီး မက္ကဆီကိုအတွက် တစ်လုံးတည်းသောနှစ်သိမ့်ဂိုးကို ပွဲချိန် ၇၁ မိနစ်မှာ ဟာနန်ဒက်ဇ်က သွင်းယူခဲ့ပါတယ်။ ဒါကြောင့် ၁၆ သင်းရှုံးထွက်ဆင့်ကို ကျော်ဖြတ်နိုင်ခဲ့တဲ့ အာဂျင်တီးနားဟာ ကွာတားဖိုင်နယ်မှာ ဂျာမနီနဲ့ ဆုံတွေ့ရတော့မှာဖြစ်ပါတယ်။

နယ်သာလန်အတွက် ဦးဆောင်ဂိုးကို ရော်ဘင်သွင်းယူစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဂျင်တီးနားအတွက် အဖွင့်ဂိုးကို တီဗက်ဇ် ဤကဲ့သို့ ခေါင်းတိုက်သွင်းယူစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာရှကဂျပန် ပါရာဂွေးကို ကျော်ဖြတ်နိုင်ပါ့မလား စပိန်နှင့် ပေါ်တူဂီ ဘယ်သူကွာတားတက်မလဲ

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ ၁၆သင်းရှုံးထွက်အဆင့်နောက်ဆုံးပွဲစဉ်များအဖြစ် ပါရာဂွေးနဲ့ ဂျပန်၊ စပိန်နဲ့ ပေါ်တူဂီတို့ယှဉ်ပြိုင်ကြမှာဖြစ်တာကြောင့် အာရှဇုန်က ဂျပန်ဟာ ပါရာဂွေးကို ကျော်ဖြတ်နိုင်မလား၊ စပိန်နဲ့ ပေါ်တူဂီ ဘယ်အသင်းက ကွာတားဖိုင်နယ်တက်နိုင်မလဲဆိုတာ စိတ်ဝင်စားစရာပါ။

ပါရာဂွေး-ဂျပန်
၂၉-၆-၂၀၁၀(အင်္ဂါနေ့)
ည ၈း၃၀ နာရီ

အုပ်စု(F)က အုပ်စုပထမနဲ့ တက်လာတဲ့ တောင်အမေရိကဇုန်က ပါရာဂွေးဟာ အုပ်စု(E)က ဒုတိယနဲ့တက်လာတဲ့ ဂျပန်ထက် ခြေစွမ်းအနည်းငယ်သာတယ်လို့ ဆိုရမှာပါ။ ပါရာဂွေးမှာ ကာနီဇာ၊ ဆန်တနာ၊ ဘင်နီတက်ဇ်၊ ကာဒိုဇို၊ ကာမာရာ၊ ဆန်တာခရုဇ်တို့ ကစားအားကောင်းသလို စုဖွဲ့မှုကလည်း အားကောင်းနေပါတယ်။ ဂျပန်မှာနာမည်ကြီးကစားသမားတွေမရှိပေမယ့် နာကာဇာဝါ၊ အန်ဒို၊ ဟွန်ဒါ၊ နာကာမူရာ၊ အိုကာဇာကီ၊ တာမာဒါတို့ ကြိုးစားအားထုတ်မှုကောင်းကောင်းနဲ့ နိုင်လိုစိတ်ပြင်းထန်ကြပါတယ်။ ဒါကြောင့် ဒီပွဲမှာပါရာဂွေးခြေသာပေမယ့် စိတ်ဓာတ်ကောင်းတဲ့ဂျပန် သရေမျှော်လင့်ခွင့်ရှိနေပါတယ်။

စပိန်-ပေါ်တူဂီ
၃၀-၆-၂၀၁၀(ဗုဒ္ဓဟူးနေ့)
နံနက် ၁ နာရီ

စပိန်ဟာ အုပ်စု(H)က အုပ်စုဗိုလ်နဲ့ တက်လာခဲ့ပြီး ပေါ်တူဂီကတော့ အုပ်စု(G)က ဒုတိယနဲ့ တက်လာခဲ့တာပါ။ ဒီနှစ်သင်းရဲ့ ကစားသမား အင်အားစုဖွဲ့မှုကိုကြည့်ရင် ပူယိုး၊ ပီကေး၊ ရာမို့စ်၊ အလွန်ဆို၊ ဇာဗီ၊ ဖာဘရီဂက်စ်၊ အင်နီယေစတာ၊ ပက်ဒရို၊ ဖာနန်ဒိုတောရက်စ်နဲ့ ဒေးဗစ်ဗီလာတို့ရှိနေတဲ့ စပိန်က စီရော်နယ်လ်ဒိုဦးဆောင်တဲ့ ပေါ်တူဂီထက် နှာတစ်ဖျားသာပါတယ်။ ဒါပေမယ့် ပေါ်တူဂီဟာ တစ်ပွဲထက်တစ်ပွဲ ခြေစွမ်းပိုမိုထက်မြက်လာတာကိုတော့ သတိပြုရမှာပါ။ စပိန်ကပ်နိုင်ခွင့်ရှိပြီး ပေါ်တူဂီအများဆုံးမျှော်လင့်နိုင်တာက သရေပါပဲ။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

မန္တလေးမြို့ အရိုးအထူးကုဆေးရုံကြီး ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၂၈

မန္တလေးတိုင်း မန္တလေးမြို့ အရိုးအထူးကုဆေးရုံကြီး ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၇ ရက် နံနက် ၈ နာရီတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် (၆၂)လမ်းရှိ အရိုးအထူးကုဆေးရုံကြီးဝင်း မုခ်ဦးရှေ့၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပါမောက္ခချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သူနာပြုသင်တန်းကျောင်းသူများ၊ အနုပညာဦးစီးဌာန မင်္ဂလာစည်တော်အဖွဲ့၊ ဘင်ခရာအဖွဲ့၊ အမှတ်(၂၂) အခြေခံပညာအထက်တန်းကျောင်း ပန်းဖွားအကအဖွဲ့နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်နှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အရိုးအထူးကုဆေးရုံကြီး ဝင်ပေါက်မုခ်ဦးရှေ့၌ နေရာယူကြပြီး မင်္ဂလာအချိန်တွင် ဝန်ကြီး ဒေါက်တာကျော်မြင့်၊ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်နှင့် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းအောင်တို့က အရိုးအထူးကုဆေးရုံကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက အရိုးအထူးကုဆေးရုံကြီး ဖွင့်ပွဲအထိမ်းအမှတ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး **စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆**

မှတ်သားဖွယ်ရာမိုးရေချိန်များ	
(၂၈-၆-၂၀၁၀)	
မြစ်ကြီးနား	၂ ဒသမ ၈၀ လက်မ
ကော့သောင်း	၂ ဒသမ ၃၇ လက်မ

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့ အရိုးအထူးကုဆေးရုံသစ်ကြီးအတွင်း ကြည့်ရှုစစ်ဆေးကြစဉ်။
(သတင်းစဉ်)

ရခိုင်ပြည်နယ်အတွင်း ဆင်ဖြူတော်တစ်စီး ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၈

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တောဆင်ငါးကောင်အုပ်ထဲတွင် ဆင်ဖြူတော်တစ်စီး ပါဝင်ကြောင်း ဒေသခံပြည်သူတို့၏ သတင်းပေးပို့ချက်အရ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍**